# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၄)


# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် သီရိလင်္ကာသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လက်ခံတွေ့ဆုံ

## နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြားအပြန်အလှန် ကူညီဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး H.E. Mr. K.W.N.D. Karunaratne အား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံအကြား အပြန်အလှန် ကူညီဆောင်ရွက်ရေး၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေး၊ ရန်ကုန်-ကိုလံဘို လေကြောင်းခရီးစဉ် ပြေးဆွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး H.E. Mr. K.W.N.D. Karunaratne အား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ် ၇ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လှုပ်ရှားဆောင်ရွက်မှုများအပေါ် ကန့်ကွက်ပြောကြား

စာ » ၄

### ARSA ၏ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ရပ်မှန်ကို ကမ္ဘာ့မီဒီယာများ ရေးသားဖော်ပြကြ ဖြစ်ရပ်မှန်များကို ကမ္ဘာ့မီဒီယာတို့ သိရှိလာကြပြီ

စာ » ၉

### ဒမတ်စကတ်တောင်ပိုင်း၌ အရေးမနိမ့်မီ အိုင်အက်စ်စစ်သွေးကြွများက အသေခံ ဗုံးခွဲမှုများ ပြုလုပ်ခဲ့

စာ » ၁၄

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ နောက် ၃၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# တည်ငြိမ်ငြိမ်းချမ်းမှုကို ပျက်ပြားစေသော အစမှုနည်းလမ်းများ

ဗြိတိန်ပါလီမန်၊ အောက်လွှတ်တော်၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ **(International Development Select Committee)** ဝင်အမတ်တို့က ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး**(ICC)**၌ စစ်ဆေးရန် ထောက်ခံခဲ့သည်ဟု သိရှိရပါသည်။ နိုင်ငံတကာက လက်ခံအသိအမှတ်ပြုထားသော စည်းမျဉ်းစည်းကမ်းအရ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး**(ICC)**အဖွဲ့ဝင်မဟုတ်သော မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး **(ICC)**က စစ်ဆေးခွင့်မရှိသည်ကို အဆိုပါ ဗြိတိန်ပါလီမန်အမတ်တို့က အဘယ်ကြောင့် လျစ်လျူရှုထားပါသနည်း။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်သုံးနိုင်ငံက အသိအမှတ်မပြု၊ လက်မခံသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး **(ICC)**၌ မြန်မာနိုင်ငံကို စစ်ဆေးရန် အဆိုပါဗြိတိန်ပါလီမန်အမတ်တို့က အဘယ်ကြောင့် တောင်းဆိုရပါသနည်း။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံဆိုပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး **(ICC)**အနေဖြင့် ၎င်းတို့နိုင်ငံ၏ ဝန်ထမ်းများအား ဖမ်းဆီးထားပါက စစ်ရေးနည်းလမ်းအပါအဝင် နည်းလမ်းမျိုးစုံ ကျင့်သုံးပိုင်ခွင့်ရှိသော အမေရိကန်နိုင်ငံသားဝန်ထမ်းများ ကာကွယ်ရေးဥပဒေ**(The American Service - Members' Protection Act-ASPA)** ကိုပင် ပြဋ္ဌာန်းထားပါသည်။ ဤအချက်တို့ကို ကြည့်ရုံမျှဖြင့် နိုင်ငံတကာဆက်ဆံရေးစနစ်၏ တရားမျှတမှုအားပုံဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး **(ICC)**၏ အခန်းကဏ္ဍကို မေးခွန်းထုတ်ရမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး**(ICC)**၌ မြန်မာနိုင်ငံကို စစ်ဆေးရန် ကြိုးပမ်းခြင်းသည် နိုင်ငံတကာ၏ တစ်ဖက်သတ် အမြင်သဘောထားတို့ကို မြန်မာနိုင်ငံအပေါ် အတင်းအဓမ္မသွတ်သွင်းပြဋ္ဌာန်းရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။ ပြဿနာတို့ကို တစ်ခုတည်းသော အမြင်ရှုထောင့်မှ သုံးသပ်၍ တစ်ဖက်သတ်အမြင် သဘောထားတို့ကို ပြဋ္ဌာန်းရန် ကြိုးပမ်းခြင်းသည် ကမ္ဘာကြီး၏ မည်သည့်ပြဿနာကိုမျှ ဖြေရှင်းနိုင်စွမ်းမရှိကြောင်း ကမ္ဘာ့သမိုင်းက သက်သေထူပြီး ဖြစ်ပါသည်။ ၂၀၀၁ ခုနှစ် အာဖဂန်နစ္စတန်နိုင်ငံအပေါ် စစ်ရေးကျူးကျော်မှုသည် လည်းကောင်း၊ ၂၀၀၃ ခုနှစ် အီရတ်နိုင်ငံအပေါ် စစ်ရေးကျူးကျော်မှုသည် လည်းကောင်း၊ ၂၀၁၁ ခုနှစ် လစ်ဗျားနိုင်ငံအပေါ် စစ်ရေးကျူးကျော်မှုသည် လည်းကောင်း အဆိုပါနိုင်ငံတို့ရှိ လူ့အဖွဲ့အစည်းတို့၏ ဇာစ်မြစ်ပြဿနာတို့ကို ဖြေရှင်းပေးနိုင်စွမ်းမရှိသည်မှာ ပေါ်လွင်ထင်ရှားပြီးဖြစ်ပါသည်။ တိကျသောစကားဆိုပါက ဤစစ်ရေးကျူးကျော်မှုတို့သည် သက်ဆိုင်ရာနိုင်ငံတို့ရှိ လူ့အဖွဲ့အစည်း၏ဇာစ်မြစ်ပြဿနာတို့ကို မဖြေရှင်းနိုင်ရုံသာမက ပိုမိုဆိုးရွားနက်ရှိုင်းစေခဲ့သည်မှာ သမိုင်းသက်သေထူပြီး ဖြစ်ပါသည်။

ဗြိတိန်ပါလီမန်၊ အောက်လွှတ်တော်၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအပေါ် မေးမြန်းရမည့်မေးခွန်းတို့မှာ အများအပြားပင်ရှိနေပါသည်။ **ARSA** အကြမ်းဖက်အဖွဲ့၏ ရက်စက်စွာ အကြမ်းဖက်သတ်ဖြတ်မှုကို အဘယ်ကြောင့် လျစ်လျူရှုနေရပါသနည်း။ **ARSA** အကြမ်းဖက်အဖွဲ့က ဌာနေတိုင်းရင်းသားအခွင့်အရေးတောင်းဆိုလျက် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ဖဲ့ထုတ်ယူရန် ကြိုးပမ်းမှုကို အဘယ်ကြောင့် ပေါ့ပြက်ပြက်ကိုင်တွယ်နေရပါသနည်း။ ရခိုင်ပြည်နယ်မှ ထွက်ပြေးသွားသောသူတို့အား ပြန်လည်လက်ခံရန် နှစ်နိုင်ငံညှိနှိုင်းထားသော သဘောတူစာချုပ်အပေါ်လေးလေးစားစား လိုက်နာရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပျက်ကွက်မှုအပေါ် အဘယ်ကြောင့် လျစ်လျူရှုပျက်ကွက်ရပါသနည်း။ ထွက်ပြေးသွားသူတို့ ရခိုင်ပြည်နယ်၌ ဂုဏ်သိက္ခာရှိရှိ၊ ငြိမ်းငြိမ်းချမ်းချမ်း ပြန်လည်အခြေချနေထိုင်နိုင်ရန် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးက ပင်မလိုအပ်ချက်ဖြစ်သည်ကို အဘယ်ကြောင့် မသိကျိုးကျွန်ပြုရပါသနည်း။ ရခိုင်ပြည်နယ်အရေး၏ ဇာစ်မြစ်ပြဿနာသည် မတူကွဲပြားသော လူ့အသိုင်းအဝိုင်းနှစ်ရပ်ကြား သဟဇာတရှိရှိ၊ ငြိမ်းငြိမ်းချမ်းချမ်း ယှဉ်တွဲနေထိုင်နိုင်ရေးဖြစ်ပါသည်။ ဤဇာစ်မြစ်ပြဿနာကို အရေးယူပြစ်ဒဏ်ခတ်ခြင်း အပါအဝင် တစ်ဖက်သတ်ဆန်သော နည်းလမ်းတို့ဖြင့် မဖြေရှင်းနိုင်သည်က လယ်ပြင်တွင် ဆင်သွားသကဲ့သို့ အထင်အရှားပင်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၌ သဟဇာတရှိရေး၊ တည်ငြိမ် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးတို့ ဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံသည် ဗြိတိန်အပါအဝင် နိုင်ငံတကာနှင့် ညှိနှိုင်းလက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိပါသည်။ သို့သော်နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို အသိအမှတ်ပြုလေးစားလျက် တန်းတူရည်တူ ညှိနှိုင်းဆွေးနွေးမှသာလျှင် ဤငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် သဘာဝဓာတ်ငွေ့တွင်းတစ်တွင်း ထပ်မံတူးဖော်မည်ဖြစ်ကြောင်း ဒေသခံပြည်သူများသို့ အသိပေး

**ရန်ကုန် မေ ၂၃**

ရောဝတီတိုင်းဒေသကြီး ကမ်းရိုးတမ်းမှ ရေမိုင် ၃၅ မိုင်ခန့်အကွာ သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ရေးအတွက် တွင်းတစ်တွင်းကို ယခုနှစ် ဇူလိုင်လအတွင်း တူးဖော်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရခိုင်ကမ်းလွန်တောင်ပိုင်း လုပ်ကွက်အမှတ် A-6 ကို ၂၀၀၇ ခုနှစ်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL E&P ကုမ္ပဏီတို့ကြား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (PSC) ချုပ်ဆိုပြီး စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ယင်းလုပ်ကွက်၏ ရေတိမ်ပိုင်း၌ ပြည်သာတွင်းကို တူးဖော်ပြီး သဘာဝဓာတ်ငွေ့ကို ရှာဖွေတွေ့ရှိကြောင်း ကြေညာနိုင်ခဲ့သည်။

ယင်းနောက် ၂၀၁၃ ခုနှစ်တွင် သြစတြေးလျအခြေစိုက် Woodside ကုမ္ပဏီသည်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြင်သစ်အခြေစိုက် Totalကုမ္ပဏီသည်လည်းကောင်း MPRL E&P ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပါဝင်လာခဲ့ကြပြီး ၂၀၁၆ ခုနှစ်တွင် လုပ်ကွက် A-6 ၏ ရေနက်ပိုင်း၌ ရွှေရည်ထွန်းအမည်ရှိ တွင်းကို တူးဖော်ကာ သဘာဝဓာတ်ငွေ့တွေ့ရှိကြောင်း ထပ်မံအတည်ပြု ကြေညာနိုင်ခဲ့သည်။ ပြီးခဲ့သည့် နှစ်အတွင်းတွင်လည်း ယင်းနေရာ၌ပင် သဘာဝဓာတ်ငွေ့ တွင်းနှစ်တွင်းကို တူးဖော်နိုင်ခဲ့ပြီး သဘာဝဓာတ်ငွေ့ ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

ယခု ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းတွင် ၎င်းလုပ်ကွက်အတွင်း၌ပင် သဘာဝဓာတ်ငွေ့တွင်းတစ်တွင်းကို ထပ်မံတူးဖော်သွားရန်ရှိရာ ယင်းသို့တူးဖော်မည့် အခြေအနေနှင့် အကြောင်းအရာများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိကိုယ်စားလှယ်၊ လုပ်ကွက်၏ Operator ကုမ္ပဏီဖြစ်သော MPRL E&P ကုမ္ပဏီမှကိုယ်စားလှယ်များ၊ Woodside ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် ERM မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့က ရောဝတီတိုင်းဒေသကြီးအတွင်း ချောင်းသာ၊ သဲကုန်း (ဝဲပုံ)၊ ရွှေသောင်ယံ၊ ငွေဆောင်၊ ဆင်မ အစရှိသော မြို့နှင့်ကျေးရွာအုပ်စုတို့၌ မေ ၂၁ ရက်မှ ၂၃ ရက်အတွင်း သက်ဆိုင်ရာဒေသခံလူထုနှင့် တွေ့ဆုံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီး၌ ရေရရှိရေးလုပ်ငန်း ၂၂ ခုဖြင့် လူတစ်သောင်းကျော်အတွက် သောက်သုံးရေလုံလောက်အောင် ဆောင်ရွက်ပေး

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီးအတွင်းတွင် နွေရာသီ သောက်သုံးရေရှားပါးမှု လျော့နည်းလာစေရန် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လုပ်ငန်း ၂၂ ခုကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ယခင်နှစ်များထက် သောက်သုံးရေရှားပါးမှု လျော့နည်းကျဆင်းလာလျက်ရှိသည်ဟု သိရသည်။

အဆိုပါ လုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသော ကျေးရွာများပါဝင်သည့် မကွေး၊ တောင်တွင်းကြီး၊ မင်းဘူး၊ ငဖဲ၊ သရက်၊ ကံမ၊ မင်းတုန်း၊ အောင်လံ၊ ရေစကြို၊ မြိုင်၊ ဂန့်ဂေါ၊ ဆော စသည့်မြို့နယ် ၁၂ ခုအတွင်းမှ ရေရှားပါးကျေးရွာများတွင် လုပ်ငန်း ၂၂ ခုဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အဆိုပါလုပ်ငန်းများပြီးစီးပါက လူဦးရေ တစ်သောင်းကျော်အတွက် ရေလုံလောက်မှုရှိသွားမည် ဖြစ်သည်။

"အစကတော့ ကျေးရွာပေါင်း ၉၀ ကျော်လောက် ရေရှားပါးပါတယ်၊ ရေမလုံလောက်တာပါ၊ ဒီနှစ်မှာတော့ မြို့ပေါင်း ၁၂ မြို့နယ်မှာ ကျေးရွာပေါင်း ၃၀ ကျော်လောက်ပဲ ကျန်တော့တာပါ၊ နွေရာသီရောက်လာတိုင်း ဦးတို့ဌာနက ရေလှူပေးပါတယ်၊ တစ်နှစ်ပြီး တစ်နှစ်ကတော့ ပြည်ထောင်စုဘတ်ဂျက်က ရှိတယ်၊ တိုင်းဒေသကြီးအစိုးရကလည်း ဘတ်ဂျက်ချပေးတယ်၊ ၂၀၁၇-၂၀၁၈ တုန်းက ငွေကျပ်သန်း ၅၀၀ ချပေးတယ်၊ အဲဒီငွေနဲ့ ကျေးလက်ရေရရှိရေး လုပ်ငန်း ၂၂ ခု လုပ်ခဲ့ပါတယ်၊ အဓိကအနေနဲ့ တစ်နှစ်ချင်းတစ်နှစ်ချင်းကတော့ ရေရှားတဲ့နေရာတွေမှာ လိုအပ်တဲ့ ရေတွင်းနက်၊ တွင်းတိမ်၊ မြေသားရေကန်တွေ လိုအပ်တဲ့အပေါ်မှာ မူတည်ပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်က ပြောသည်။

ယခုနှစ်တွင် ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်းဆောင်ရွက်မည့် ခြောက်လမီနီဘတ်ဂျက်မှ ကျေးလက်ရေရရှိရေးအတွက် မြို့နယ် ၁၂ မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၂ ခုကိုဘတ်ဂျက်ငွေကျပ်သန်း ၁၃၉ ဒသမ ၇၃၀ ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ရေရရှိရေး လုပ်ငန်း ၂၂ ခုမှာ မြေသားရေကန်တူးဖော်ခြင်း၊ တစ်ဖက်ပိတ်ဆည်တည်ဆောက်ခြင်း၊ စက်ရေတွင်း ပြန်လည်တူးဖော်ခြင်း၊ ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများသွယ်တန်းခြင်း စသည့်လုပ်ငန်းများနှင့် ရေရရှိရေး အခြားလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**

# စိုက်ပျိုးရေး နည်းပညာရပ်များ ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာ၌ ဆွေးနွေး

**နေပြည်တော် မေ ၂၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာဆေးမားလ်အူအွန်ဒုံစီမံကိန်းကော်မတီတို့ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် နည်းပညာဆွေးနွေးခြင်းကို မေလတတိယပတ်က ဒိုးနွယ်အုပ်စု ဒိုးနွယ်ကျေးရွာရှိ ကျေးရွာစီမံကိန်းခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက သစ်စိမ့်မြေဩဇာကျွေးနည်း၊ မြေဆွေးပုံပြုလုပ်နည်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေး၊ ခေါင်နှံရွေးချယ်၍ မျိုးသန့်ပွားများခြင်း၊ ရိတ်သိမ်းသုံးစွဲလွှန်နည်းပညာ၊ စပါးပန်းတိုင်အထွက်တင်း ၁၀၀ ထွက်ရှိရန် နည်းလမ်းများ၊ သီးနှံများတွင် ရောဂါပိုးမွှားကျရောက်ချိန်နှင့် မကျရောက်မီ ကြိုတင်ကာကွယ်ရမည့် အချက်များ၊ ဆေးမားလ်အူအွန်ဒုံစီမံကိန်းဆောင်ရွက်ချက်များ စသည်တို့ကို ဆွေးနွေးခဲ့ကြရာ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့ဝင်များနှင့် စိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ညောင်လေးပင်၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်

**ညောင်လေးပင် မေ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသခြင်းကို မေ ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ ၅ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေ့လျားအခမဲ့ဆေးခန်းသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ဦးစီးမှူး ဒေါက်တာ သောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့မ ၅ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးမိခင်များနှင့် ကလေးသူငယ်များ လာရောက်ဆေးကုသမှုခံယူခဲ့ကြကြောင်း သိရသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**



## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ထိရောက်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေသည့် ဥပဒေကောင်းများပေါ်ပေါက်လာရန် အရေးကြီး

**နေပြည်တော် မေ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**ပိုမိုအားကောင်းလာမည်**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ လွှတ်တော်နှင့် ဝန်ကြီးဌာနများမှ ပေးပို့လာသည့် ဥပဒေမူကြမ်းများအား ဘာသာရပ်အလိုက်ခွဲဝေပြီး သက်ဆိုင်ရာကော်မတီများအလိုက် ဥပဒေကြမ်းများကို စိစစ်ကြရန် လိုအပ်ပါကြောင်း၊ ကော်မတီများ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေများအဖြစ်ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းများကို စိစစ်သည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အခြားသောပညာရှင်များဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်၏အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးအခန်းကဏ္ဍ ပိုမိုမြင့်တင်ရန်အရေးကြီးပါကြောင်း၊ လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ထိရောက်ပြီးအကျိုးစီးပွားဖြစ်ထွန်းစေသည့် ဥပဒေကောင်းများပေါ်ပေါက်လာရန် အရေးကြီးပါကြောင်း၊ အလားတူ ပြဋ္ဌာန်းသည့် ဥပဒေများနှင့်စပ်လျဉ်းပြီး ထိရောက်မှုရှိမရှိနှင့် စီမံခန့်ခွဲရသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့်လည်း လိုက်နာမှုရှိ၊ မရှိ စိစစ်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကော်မတီများ အင်အားခိုင်မာတောင့်တင်းမှသာလျှင် လွှတ်တော်လည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီပြုပြင်ရေးလမ်းကြောင်းပေါ် မြန်ဆန်မှန်ကန်စွာရောက်ရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကော်မတီများအနေဖြင့် လွှတ်တော်ကော်မတီများအချင်းချင်း မကြာခဏ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယခုအစည်းအဝေးတွင်လည်း တက်ရောက်လာသူများအားလုံးအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ တွေ့ရှိချက်အစီရင်ခံစာများနှင့် သုံးသပ်အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာကော်မတီများအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားများနှင့် အနီးကပ်ထိတွေ့လျက်ရှိသည့် တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်း

နေပြည်တော် မေ ၂၃

**ပြည်သူလူထု၏ လိုလားချက်အပေါ် အခြေပြု၍ လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းရပ်များ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းရပ်များ စနစ်တကျဖြစ်စေရန်အတွက် တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။**



ဆက်လက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ကို တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ ရယူလုပ်ကိုင်နိုင်ခွင့် ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိသူများက လုပ်ပိုင်ခွင့်ရရှိပြီးသည့် လယ်ယာမြေများအပေါ် အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာပါကလည်း သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ တင်ပြချက်များအပေါ် စနစ်တကျ စိစစ်အတည်ပြုပေးလျက်ရှိရာ တောင်သူလယ်သမားများနှင့် အနီးကပ် ထိတွေ့ဆောင်ရွက်ပေးလျက်ရှိကြသည့် အဆင့်ဆင့် သော တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများပိုမိုထိရောက် လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ယနေ့ နံနက် ၉ နာရီခွဲက ပြုလုပ်သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြောကြားသည်။

ယင်းနောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသက်နိုင်ဦးက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် စာတွဲများအလိုက် ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များက လယ်ယာမြေကိုခွင့်ပြုမိန့်မရှိဘဲ အခြားနည်းအသုံးပြုထားသည့် ကိစ္စရပ်များအပေါ် အသုံးပြုထားသည့် နည်းလမ်းအလိုက် သတ်မှတ်သင့်သည့် ဒဏ်ကြေးနှင့်ပတ်သက်၍ ညွှန်ကြားစာထုတ်ပြန်မည့် ကိစ္စရပ်များကို လည်းကောင်း၊ နစ်နာကြေး၊ လျော်ကြေးပေးချေရန် ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးချေရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ တင်ပြလာသည့် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးဆောင်ရွက်ကြသည်။

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ ခွင့်ပြုချက်နှင့် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်များအရ လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်း အသုံးပြုထားသည့် နည်းလမ်းအလိုက် နိုင်ငံတစ်ဝန်းတစ်ပြေးညီစွာဖြင့် သတ်မှတ်ဒဏ်ကြေး ပေးဆောင်နိုင်စေရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်အရ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဆက်လက်ဆောင်ရွက်နိုင်စေရန် အကြောင်းကြားပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လှုပ်ရှားဆောင်ရွက်မှုများအပေါ် ကန့်ကွက်ပြောကြား

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ယနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ခေါ်ယူတွေ့ဆုံခဲ့ပြီး **(ယာပုံ)** နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၃၄)နှင့် (၃၅) အကြား နယ်စပ်လုံခြုံရေးရာကိစ္စရပ်များအား ဆွေးနွေးကာ သတိထောက်လွှာကို ပေးအပ်ခဲ့သည်။

**လုံခြုံရေးအပေါ် ဆိုးကျိုးသက်ရောက်**

ပြည်ထောင်စုဝန်ကြီးက နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဧရိယာအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘန်ကာများ ဆောက်လုပ်ထားမှုအပေါ် မြန်မာနိုင်ငံက ကန့်ကွက်ထားခဲ့သည့်ကိစ္စအား ထပ်လောင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ်ဘက်မှ အုတ်များ၊ ဆောက်လုပ်ရေးပစ္စည်းများအား နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဧရိယာသို့ သယ်ဆောင်လာနေမှုများရှိနေသည်ကို ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ထောက်ပြခဲ့ပြီး ယင်းလုပ်ရပ်သည် နှစ်နိုင်ငံနယ်စပ်လုံခြုံရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ပြောကြားခဲ့သည်။

**တားဆီးပေးရန်ပြောကြား**

ပြည်ထောင်စုဝန်ကြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆောက်လုပ်ထားသည့် ဘန်ကာများ ဖယ်ရှားပေးရေးနှင့် အခြားအဆောက်အအုံများ ဆောက်လုပ်မှုကို တားဆီးပေးရန် တောင်းဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာသွားရန်နှင့် နှစ်နိုင်ငံအကြား နားလည်မှုလွဲမှားစေမည့် လုပ်ရပ်များလုပ်ဆောင်ခြင်းမှ တားဆီးပေးရန်လည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

**နေပြည်တော် မေ ၂၃**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းဖြစ်ပေါ်လာစေရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပုံစံနှင့် စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်စွာသိရှိ နားလည်လာစေရန်၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တည်ထောင်ရာတွင် အခြားဖက်ဒရယ်နိုင်ငံများ၏ အတွေ့အကြုံများ၊ သင်ခန်းစာများကို ရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်၊ ပြည်သူတို့အား သမိုင်းအသိအမြင်ရရှိစေရန်နှင့် မြန်မာ့သမိုင်းကြောင်းတွင် ကွက်လပ်ဖြစ်နေသည်များကို ဖြည့်စွက်နိုင်ရန် **"ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း"** သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို (က) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသမိုင်းကို အထောက်အကူပြုသော သမိုင်းစာပေ ထွက်ပေါ်လာစေရန်၊ (ခ) အယူအဆသစ်များ၊ အတွေးအမြင်သစ်များပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ (ဂ) အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ဝန်းသောပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန်၊ (ဃ)ဖတ်ကြားတင်သွင်းသောစာတမ်းများမှ အရည်အသွေးပြည့်မီသောစာတမ်းများအား ရွေးချယ်ပြီး ပုံနှိပ်ထုတ်ဝေခြင်းဖြင့် တိုင်းရင်းသားပြည်သူအတွင်း ပျံ့နှံ့ရောက်ရှိစေကာ ဒီမိုကရေစီဖက်ဒရယ်သမိုင်းကြောင်းကို ပိုမိုနားလည်လာစေပြီး နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများနှင့်ပြင်ပစာတမ်းရှင်များမှ စာတမ်းများပေးပို့နိုင်ရေး ဖိတ်ခေါ်ထားကြောင်း သိရသည်။

စာတမ်းဖတ်ကြားလိုသူ သုတေသီများအနေဖြင့် စာတမ်းအကျဉ်းများကို ဇွန် ၆ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းအပြည့်အစုံများကို Hard Copy / Soft Copy ဖြင့် ဩဂုတ် ၇ ရက်နောက်ဆုံးထား၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇- ၃၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊အဆောင် (C)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၈၄၂၃၊ မြန်မာသမိုင်းအဖွဲ့၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်၊ ဖုန်း-၀၁-၆၅၈၁၅၂ တို့သို့ ပေးပို့ရမည်ဖြစ်သည်။ ပေးပို့လာသော စာတမ်းများကို စိစစ်ရွေးချယ်၍ **"ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း"** ခေါင်းစဉ်ဖြင့် စာတမ်းစောင်ရေ ၁၂ စောင်ကို ၁ ရက်လျှင် စာတမ်း ၆ စောင်နှုန်းဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်ထိ(၂)ရက် ဖတ်ကြားသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၀၄၉၀ ဒသမ ၂၀ သန်းရှိ

**နေပြည်တော် မေ ၂၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလ အတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၂ ဒသမ ၈၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၀ ဒသမ ၃၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၅၃ ဒသမ ၂၀ သန်းဖြစ်ပါသည်။

ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၅၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၃ ဒသမ ၄၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀၇ ဒသမ ၉၅ သန်းဖြစ်သည်။

သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃၁၆၁ ဒသမ ၁၅ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၇၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၄၉၆ ဒသမ ၂၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၈၃ ဒသမ ၇၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၄၇၉ ဒသမ ၉၇ သန်း တင်ပို့နိုင်ခဲ့သည်။

ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃၃၅ ဒသမ ၉၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၇၄ ဒသမ ၃၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၀၁၀ ဒသမ ၂၃ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀၄၉၀ ဒသမ ၂၀ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၅၃၀ ဒသမ ၂၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**မြန်မာ့အလင်း**

## အငြိမ်းစားဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ အသက်သာဆုံးဈေးနှုန်းဖြင့် ဝယ်ယူ၊ ငှားရမ်းနေထိုင်နိုင်ရေး အိမ်ရာများတည်ဆောက်ရာတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများအပေါ် အခွန်သက်သာအောင်ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၂၃**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးသည့်အခါ ကိုယ်ပိုင်နေအိမ်၊ ကိုယ်ပိုင်တိုက်ခန်းများဖြင့် သိက္ခာရှိရှိနေသွားနိုင်ရေးနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနေထိုင်ရေးကိစ္စ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီနှင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈) အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ တည်ဆောက်နိုင်ရေးအတွက် မြေနေရာရရှိရေးအား ဝန်ကြီးဌာနပိုင် မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရပိုင်မြေများမှ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးကြပ်မတ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အိမ်ရာများ တည်ဆောက်ရာတွင် အငြိမ်းစားဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ အသက်သာဆုံး ဈေးနှုန်းဖြင့် ဝယ်ယူ၊ ငှားရမ်းနေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အခြားကိစ္စရပ်များအပေါ် အခွန်သက်သာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့် လုပ်ငန်းကြီးကြပ်သည့် ကော်မတီအဖြစ် ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဆောက်လုပ်ရေး ဥပဒေရေးဆွဲလျက်ရှိရာ မကြာမီ ပြဋ္ဌာန်းနိုင်တော့မည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဦးစီးကော်မတီ အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဝန်ကြီးဌာနများမှ ကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသည့် ဌာနများက ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူးဦးလှမိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦးတို့သည် မေလတတိယပတ်က တောင်ကုတ်မြို့နယ် ပေါက်ပြင်ကျေးရွာ ဘုန်းကြီးကျောင်း၌ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃** - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

*❒ ကျောဖုံးမှ*

ကုန်သွယ်မှုတိုးတက်စေရေးအတွက် ဖြေလျှော့မှုများအဖြစ် ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားပေးရန်ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန်လိုအပ်သည့် ကုန်စည်အမယ် ၁၁၁၆၇ ခုရှိသည့်အနက် ပို့ကုန်ပိုင်းတွင် လိုင်စင်လိုအပ်သည့် ကုန်စည်အမယ် ၃၃၄၅ ခု လျှော့ချခြင်း၊ သွင်းကုန်ပိုင်းတွင် ၄၈၁၈ ခု တို့ လျှော့ချခြင်း၊ လယ်ယာစက်ကိရိယာများကို နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများအား ခွင့်ပြုခြင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများကို ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာနှင့် ဆောက်လုပ်ရေးသုံးကိရိယာများကို ပြည်တွင်းကုန်သွယ်မှု ခွင့်ပြုခဲ့ခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ခြင်း၊ ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သည့် အနုပညာပစ္စည်းများ၊ အသုံးအဆောင်များကို တင်သွင်း၊ တင်ပို့ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအား လက်လီ၊ လက်ကား ရောင်းချခွင့်ပြုခြင်းများကို ဆောင်ရွက်ခွင့်ပေးခဲ့ပါကြောင်း။

**ဖက်စပ်ထူထောင်သွားနိုင်ရန် ဆောင်ရွက်**

ကုန်သွယ်မှုလိုငွေသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄၁ ဘီလီယံရှိခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုရှင်းတမ်းလိုငွေပြမှုတွင် အဝတ်အထည်၊ သဘာဝဓာတ်ငွေ့၊ ဆန်နှင့်ပြောင်းပိုမိုတင်ပို့နိုင်မှုကြောင့် ကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံ လျှော့ကျသွားခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုထွန်းကားလာအောင် ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီတစ်ခုနှင့်ပူးပေါင်း၍ လှိုင်သာယာတွင် ထောက်ပံ့ပို့ပိုးရေးဌာန (Logistic Hub) တစ်ခုကို ဖက်စပ်ထူထောင်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ ထောက်ပံ့ပို့ပိုးရေးဌာနများကို နိုင်ငံတစ်ဝန်းထူထောင်သွားမည် ဖြစ်ပါကြောင်း။

ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများတိုးတက်နိုင်ရန် စီးပွားရေးသံမှူးများနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်များ စေလွှတ်ခြင်းကို ၂၀၁၈ ခုနှစ်မှစတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူလျက်ရှိပြီး လက်ရှိစေလွှတ်ခဲ့သည့် ၁၁ ဦးအပြင် အရှေ့ဥရောပနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများသို့ တိုးချဲ့စေလွှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းထွက်ကုန်များကို ပြည်ပနှင့်ချိတ်ဆက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီး၏ မြို့တော် ၁၂ ခုတွင် ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနများကို ထူထောင်ထားရှိပြီး ဒေသထွက်ကုန်များကို ပြည်ပပို့ကုန်များအဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**စိစစ်မှုများပြုလုပ်ပေးလျက်ရှိ**

ရန်ကုန်မြို့ ကုန်သည်လမ်းတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (International Trade Centre) တစ်ခုကိုထူထောင်ပြီး မြန်မာနိုင်ငံထွက်ကုန်များ (Made in Myanmar) မြှင့်တင်ရေးကို ပြခန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ပနိုင်ငံများရှိ ဈေးကွက်များနှင့် ချိတ်ဆက်ရေးအတွက် EU Help Desk, Korea Help Desk စသည်တို့ကို ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးထိပါးမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သတင်းအချက်အလက်နှင့် တိုင်ကြားရေးဌာနများ၊ (Consumer Information and Complaint Centres) ကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားရှိခြင်း၊ စားသုံးသူများအခွင့်အရေးကို ပိုမိုကာကွယ်နိုင်ရန် ၂၀၁၄ ခုနှစ်တွင် စားသုံးသူကာကွယ်ရေးဥပဒေကိုပြင်ဆင်၍ အသစ်ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သွင်းကုန်များစိတ်ချလုံခြုံရေးအတွက် ဓာတ်ခွဲခန်းများထူထောင်ထားရှိပြီး စိစစ်မှုများပြုလုပ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချမှတ်ပေးထားသည့် Peace၊ Prosperity၊ Democracy ဆိုသည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ မိမိတို့က အတိုကောက်အားဖြင့် PPD ဟုခေါ်သည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဒီမိုကရေစီရေးတို့ဖြစ်ပါကြောင်း၊ သာယာဝပြောရေးတွင် Economy လည်း ပါဝင်ပါကြောင်း။

နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်တွင် လုပ်ခဲ့သည့် UPWC ၊ MPC နှင့် ဆက်စပ်ပြီး ဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းခွင်တွင် မည်သည်တို့ကို လုပ်ဆောင်ခဲ့သလဲဆိုလျှင် Bilateral Agreement နှင့် အပစ်အခတ်ရပ်စဲရေးကို ရအောင်ယူခဲ့ပြီး NCA ကို ယူခဲ့သည့်အတွက် ယခုအစိုးရလက်ထက်တွင် NCA ပေါ်လာပါကြောင်း၊ ထို့ပြင် NCA



ဒုတိယဝန်ကြီး ဦးအောင်ထူး



အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်



အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး

တွင် လက်မှတ်မထိုးရသေးသည့်အဖွဲ့များနှင့် NCA လက်မခံနိုင်သေးသည့်အဖွဲ့များပေါ်လာပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs)တွင် သုံးမျိုးသုံးစားရှိပါကြောင်း၊ အဆိုပါသုံးမျိုးသုံးစားကို တစ်ပြိုင်တည်း Deal လုပ်သည့်အချိန်တွင် NCA အရ ပေါ်လာသော Institution နှစ်ရပ်ဖြစ်သည့် UPDJC ၊ JMC ဟူ၍ အပိုင်းနှစ်ပိုင်းရှိပြီး နိုင်ငံရေးဆွေးနွေးပွဲနှင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ထိန်းသိမ်းရေးတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း။

UPDJC တွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့ပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) နှင့် နိုင်ငံရေးပါတီများလည်းပါကြောင်း၊ JMC တွင် အစိုးရ၊ EAOs၊ အရပ်သားစောင့်ကြည့်သူများ (Civil Society Organization- CSO) ပါဝင်ပါကြောင်း၊ အထက်ပါအချက်များသည် Mechanism ကို အကြမ်းဖျင်းဖော်ပြထားခြင်းဖြစ်ပါကြောင်း။

**နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်**

မိမိတို့တွင် Working committee နှင့် National Dialogue ရှိပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ(National Dialogue)မှ တက်လာသည့် နိုင်ငံရေးစာတမ်းများကို Working committees မှစိစစ်ပြီး UPDJC သို့ တင်ပြပါကြောင်း၊ UPDJC မှ ညီလာခံသို့ ဆက်လက်တင်ပြပါကြောင်း၊ အငြင်းပွားမှုများကြောင့် နှစ်ဖက်ညှိနှိုင်း၍မရဘဲ မဖြေရှင်းနိုင်ပါက JICM သည် ထိပ်သီးခေါင်းဆောင်များကိုတွေ့ဆုံပြီး ညှိနှိုင်းဖြေရှင်းပေးရသည့်အဆင့်ကို ဆောင်ရွက်ပေးပါကြောင်း၊ ယင်းနောက် ပြည်ထောင်စုသဘောတူညီချက်ရပြီးပါက လွှတ်တော်သို့တင်ရပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့် ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် မေလတွင် ဆွေးနွေးပွဲပေါင်း ၂၂ ကြိမ် လုပ်နိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း ၁ ကို လုပ်နိုင်ခဲ့ပါကြောင်း။

NRPC တွင် အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်တို့ပါဝင်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ NRPC အစည်းအဝေးကို ၇ ကြိမ် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ JICM တွင် အစိုးရဘက်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ဘက်မှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ EAOs ဘက်မှ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ပါဝင်ပါကြောင်း။

JICM ၇ ကြိမ်၊ UPDJC ၁၄ ကြိမ်၊ ပြည်ထောင်စုအဆင့် JMC-U ၁၆ ကြိမ် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတဟောင်း သမ္မတ ဦးသိန်းစိန်လက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၁ ကြိမ်၊ ယခုအစိုးရလက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ၂ ကြိမ် စုစုပေါင်း ၃ ကြိမ် ရှိပြီဖြစ်ပါကြောင်း။

**ဖက်ဒရယ်နိုင်ငံတော်၏ အုတ်မြစ်များ**

အစိုးရ၏ရည်မှန်းချက်သည် Democratic Union ကို သွားချင်ပါကြောင်း၊ Short Term ရည်ရွယ်ချက်သည် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ညီလာခံသုံးကြိမ်တွင် Federal Principle များ ပြီးပြတ်အောင် ဆွေးနွေးလိုသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရားဝင်ကြေညာထားပြီး EAO များကိုလည်း ပြောထားပြီးဖြစ်ပါကြောင်း၊ လာမည့်ငြိမ်းချမ်းရေးညီလာခံသုံးကြိမ်တွင် နိုင်ငံရေးသဘောတူညီချက်ရအောင် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ Union Accord ရယူပြီးပါက ဖက်ဒရယ်နိုင်ငံတော်၏ အုတ်မြစ်များပေါ်လာမည်ဖြစ်ပါကြောင်း၊ ယင်းနောက် Public Private Partnership ပေါ်လာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ယခင်က အခွင့်အရေးများကို အစိုးရအဖွဲ့အနေဖြင့် ဖန်တီးလုပ်ပေးခဲ့ရသည့်အနေအထားဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် လက်မှတ်ထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NRPC ကို တင်ပြလာသည့်အခါ စီးပွားရေးလုပ်ငန်းများ ပါဝင်ပါကြောင်း၊ ၎င်းတို့၏ တပ်ဖွဲ့မိသားစုများ စားဝတ်နေရေးအတွက် ဝင်ငွေရရှိရန် စီးပွားရေးလုပ်ငန်းများလိုအပ်ပါကြောင်း။

**ဆွေးနွေးမှုများ စတင်နေပြီဖြစ်**

NRPC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က PPP သွားရန် လမ်းညွှန်ထားပါကြောင်း၊ PPP သွားရန်အတွက် ဒေါက်တာအောင်ထွန်းသက်က ဦးဆောင်ပြီး ဆွေးနွေးမှုများစတင်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ဆွေးနွေးပွဲ လုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေးကော်မရှင်၊ Private Sector က လုပ်ငန်းရှင်များ ပါဝင်လာမည်ဖြစ်ပြီး လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပါဝင်လာမည်ဖြစ်ပါကြောင်း။

ပြည်နယ်များတွင် Strategic Plan များရှိပြီး EAO များက လုပ်ချင်သည့် စီမံကိန်းများရှိပါကြောင်း၊ အဆိုပါစီမံကိန်းများကို လေ့လာဆန်းစစ်သွားမည်ဖြစ်ပါကြောင်း၊ PPP တွင် model ၁၃ မျိုးရှိသဖြင့် မည်သည့် model ဖြင့်သင့်တော်သည်ကို ခွဲခြားသွားရမည်ဖြစ်ကြောင်း၊ ခွဲခြားပြီးပါက PPP တွင် EAO က မည်သည့်အတိုင်းအတာ၊ မည်သည့်ပုံစံဖြင့်သွားမည်ဆိုသည့် PPP ကို စဉ်းစားနေကျပုံစံများ ရှိပါကြောင်း၊ တချို့အပိုင်းတွင် PPP အတိုင်း သွား၍မရသည့်ပုံစံများလည်းရှိပါကြောင်း။

**ပြည်ပအဖွဲ့အစည်းများ ကူညီဆောင်ရွက်**

နိုင်ငံတော်ဘတ်ဂျက်ဖြင့် သွားမည်၊ ပြည်ပကူညီထောက်ပံ့မှု ODA နှင့် သွားမည်ဆိုသည်ကို Joint Coordination Body တွင် ဖော်ပြထားပါကြောင်း၊ JCB တွင် အစိုးရ၊ လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၊ လက်မှတ်ရေးမထိုးရသေးသည့်အဖွဲ့များပါဝင်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါကြောင်း၊ JCB တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လုပ်ချင်သည့်အရာများကို ပြည်ပအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယခုလက်ရှိသွားနေသည့် အနေအထားဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးကို ခြုံပြီးရှင်းပြပေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဖြန့်ဖြူးပေးလျက်ရှိ**

ထို့နောက် **စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က** ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနရှိ ဆေးဝါးစက်ရုံများမှ ဆေးဝါးအမျိုးအစားပေါင်း ၂၀၀ ကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ သတ်မှတ်ထားသည့် GMP Guide Line နှင့်အညီ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထုတ်လုပ်ပြီးဆေးဝါးများကို သိုလှောင်ရာတွင် အရည်သွေးထိခိုက်မှုမရှိစေရန်အတွက် ခေတ်မီဆေးဝါးသိုလှောင်ရုံ (Automated Storage and Retrieval System Warehouse) ကို တည်ဆောက်ခဲ့ပြီး ဆေးဝါးများကို သိုလှောင်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ထုတ်လုပ်သောဆေးဝါးများကို အတုအပပြုလုပ်နိုင်ခြင်းမရှိစေရန်အတွက် ဆေးဝါးမျက်နှာပြင်များတွင် BPI တံဆိပ်ရိုက်နှိပ်ခြင်း၊ BPI စာသားရိုက်နှိပ်နိုင်ခြင်းမရှိသည့် ဆေးဝါးများကို အလွှာပါးအုပ်ဆေးဝါးအနေဖြင့် ပြောင်းလဲထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုပုံစံနှင့် ဒီဇိုင်းများပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

မြွေဆိပ်ဖြေဆေးကို ဒေသတွင်းနိုင်ငံများဖြစ်သော လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံသို့ မြွေပွေးအဆိပ်ဖြေဆေး အအေးခဲခြောက်(Freeze–dried) အလုံး ၃၀၀ နှင့် လာအိုနိုင်ငံသို့ မြွေဆိပ်ဖြေဆေး အလုံး ၂၀၀ ကို တစ်လုံးလျှင် US$ ၂၂ တန်ဖိုးဖြင့် တင်ပို့ရောင်းချခဲ့ပြီးဖြစ်ပါကြောင်း။

အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အဆင်သင့်အသုံးပြုနိုင်သည့်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း ၄၁ မျိုးပါဝင်သည့် အရေးပေါ်သုံးဆေးသေတ္တာ (First Aid Kit)များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း။

**လိုအပ်ချက်နှင့်အညီ တိုးချဲ့ထုတ်လုပ်**

အထည်အလိပ်ထုတ်ကုန်များ ဈေးကွက်ဝင်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် အနံကြီးပိတ်များထုတ်လုပ်ပေးနိုင်သော ရက်ကန်းစက်များကို ပြုပြင်တီထွင်နိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ဆေးရုံသုံးပရိဘောဂပစ္စည်း ၇ မျိုးနှင့် ခွဲစိတ်ခန်းသုံးစတီးလ်ပစ္စည်းများကို Medical Grade နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အိမ်သုံးစတီးလ်ပစ္စည်းများနှင့် Stainless Steel Bench များကိုလည်း ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးချဲ့ထုတ်လုပ်လျက်ရှိပါကြောင်း။

ဈေးကွက်ဝင်အဆင့်မြင့် ၁/၄၀ ပေါင်းချည်များကို အိန္ဒိယနည်းပညာရယူ၍ ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ထုတ်လုပ်ခဲ့ရာ ယခုအချိန်ထိ ပေါင် ၂၃ သိန်းကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဆရာဝန်များ၊ ဆေးဘက်ပညာသည်များနှင့် သူနာပြုများဝတ်ဆင်မည့် ဝတ်စုံအသစ်များကို ချုပ်လုပ်ပေးခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာ ဆရာမများအတွက် တူညီဝတ်စုံများနှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းလုံချည်များကိုလည်း ထုတ်လုပ်ပေးခဲ့ပါကြောင်း။

**ယာဉ်အသစ်များ မှာယူတင်သွင်းခဲ့**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်အတိုင်း 2017 Model, TOYOTA Hiace (LHD) လူစီးမော်တော်ယာဉ်အသစ်များ မှာယူတင်သွင်းခဲ့ပြီး ယာဉ်အတွင်းတပ်ဆင်မည့် FDA အသိအမှတ်ပြု Medical Equipment & Accessories ၄၁ မျိုးတပ်ဆင်ထားသည့် Standard Type Ambulance ယာဉ်အဖြစ် Type Conversion ပြုလုပ်ခဲ့ပါကြောင်း။

စက်ရုံအလုပ်ရုံပေါင်း ၁၁၅ ရုံရှိသည့်အနက် ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်နေသော စက်ရုံ ၅၇ ရုံရှိပြီး နိုင်ငံပိုင်အဖြစ် ၅၈ ရုံရှိပါကြောင်း၊ ကျန်ရှိနေသည့် နိုင်ငံပိုင်စက်ရုံများအနက် စက်ရုံ ၈ ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြပြီး ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပြီး SME များ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် SME အေဂျင်စီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

**ချေးငွေထုတ်ပေးနိုင်ရေး ဆောင်ရွက်**

ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် SME Agency (SME ဖွံ့ဖြိုးတိုးတက်ရေးဌာန) ရုံးခွဲပေါင်း ၅၄ ရုံး ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာန SME ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC) နှင့် ပုဂ္ဂလိကဘဏ်များ (CB, KBZ Bank နှင့် SMIDB) တို့ပူးပေါင်း၍ CGI စနစ်ဖြင့် ချေးငွေများထုတ်ပေးနိုင်ရေး

*စာမျက်နှာ ၈ သို့*

# တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဘက်စုံမှ ကူညီဖြည့်ဆည်းရမည်

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ပွင့်ဖြူမဲဆန္ဒ နယ်မှ ဦးထွန်းထွန်းက **တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝမြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်း စိုက်ပျိုးရေးနည်း ပညာသင်တန်းများ၊ နီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အတည်ပြုချက်ရယူ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းရာတွင် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဗိုလ်မှူးချုပ် ရဲနိုင်မျိုးအား လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ဗိုလ်မှူးချုပ် ကျော်စန်းလင်းအားလည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီတွင် ဗိုလ်မှူးချုပ် နေဝင်းအား လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေအား လည်းကောင်း၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဗိုလ်မှူးချုပ် နိုင်ဝင်းအား လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ဗိုလ်မှူးကြီး ခင်မောင်ထွန်းတို့အားလည်းကောင်း အစားထိုး လဲလှယ် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

**စိုက်ပျိုးရေအတွက် အခက်အခဲမရှိပေးဝေ**

လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ **လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အုံရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီးရှိ ဆင်အုံကန်ကို ၁၉၅၈ ခုနှစ်ခန့်က တည်ဆောက်ခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားကာ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ သဲနုန်းပို့ချပြီး ရေသိုလှောင်မှု လျော့ကျလျက်ရှိပါကြောင်း၊ အဆိုပါ ဆင်အုံကန်သည် ချောင်းမငယ်ဆည်ရေ သောက်စနစ်အတွင်းတည်ရှိပြီး ချောင်းမငယ် ရေလှောင်တမံမှ ရေသွင်းမြောင်းဖြင့် ဆင်အုံကန်အတွင်းသို့ ရေကူဖြည့်တင်းကာ မိုးစပါး ၄၅၆၀ ဧကခန့်ကို အောင်ရေပေးဝေခြင်းနှင့် နွေစပါး ၂၀၇၄ ဧကခန့်အားစိုက်ပျိုးရေပေးဝေခြင်းဖြင့် အကျိုးပြုလျက်ရှိပါကြောင်း၊ မိုးစပါးနှင့် နွေစပါး အတွက် စိုက်ပျိုးရေကို ချောင်းမငယ်ရေလှောင်တမံမှ ငါးရက်လျှင်တစ်ကြိမ် ဆင်အုံကန်ထဲသို့ လိုအပ်သလို ချိန်ညှိဖြည့်တင်းပေးလျက်ရှိသောကြောင့် စိုက်ပျိုးရေအတွက် အခက်အခဲမရှိ ပေးဝေလျက်ရှိပါကြောင်း။

**သုံးသပ်စီမံ ဆောင်ရွက်သွားမည်ဖြစ်**

လက်ရှိအခြေအနေအရ ဆင်အုံကန်တွင် သဲနုန်းပို့ချမှု အတော်အသင့်ရှိသော်လည်း မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးကို ချောင်းမငယ်ရေလှောင်တမံမှ လိုအပ်သည့် အချိန်တွင် လိုအပ်သည့် ပမာဏအတိုင်း ရေဖြည့်သွင်းပေးနိုင်ပါကြောင်း၊ ဌာနအနေဖြင့် အခြားမဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေသည့် လုပ်ငန်းများစွာကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆင်အုံကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား လတ်တလော အနေဖြင့် ဆောင်ရွက်ရန် လိုအပ်မှုမရှိသေးပါကြောင်း၊ ဆင်အုံကန် နောင်ရေရှည်တည်တံ့ရေး အတွက် သဲနုန်းပို့ချမှုအား သိရှိနိုင်ရန် လိုအပ်သည့် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိပါကြောင်း၊ ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ သုံးသပ်စီမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေတွင် မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းများကို တရားမဝင်လုပ်ကိုင်နေရမှုများအား တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လယ်ယာမြေပေါ်တွင် တရားမဝင်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လျှောက်ထားသွားရန် လိုအပ်ပါကြောင်းနှင့် လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လျှောက်ထားလာမှုများကိုလည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့်လည်း လစဉ်အစည်းအဝေးများခေါ်ယူပြီး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**လျာထားရေးဆွဲပြီးဖြစ်**

ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးစတီဖန်၏ **ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်း အသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် လိုအပ်လျက်ရှိသော ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဖြေကြားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် မူလလျာထားသည့် ငွေကျပ်သိန်း ၁၀၆၇၀ ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၅၃၉၅ ဒသမ ၉ သိန်းဖြင့် ကတ္တရာလမ်းခင်းခြင်း တစ်လမ်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် သိန်း ၂၂၀၊ ကျောက်ချောလမ်းခင်းခြင်း လေးလမ်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၄၂၆ ဒသမ ၅ သိန်း၊ ကွန်ကရစ်လမ်းခင်းခြင်း နှစ်လမ်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၂၂၇ သိန်း၊ မြေသားလမ်းခင်းခြင်း နှစ်လမ်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၅၀၈ သိန်း၊ Box Culvert ၁၇ စင်း တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၁၅၅၉ သိန်း၊ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း ငွေကျပ် ၂၁၄ ဒသမ ၉ သိန်း၊ မြို့တွင်းလမ်းပေါက်ဖာခြင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၁၁၁ သိန်း၊ မြို့ရေပေးရေးလုပ်ငန်း ၁၀ ခု ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၂၈၇ ဒသမ ၅ သိန်း ရေမြောင်းပြုလုပ်ခြင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၁၆၁၂ သိန်း၊ အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ် ဝယ်ယူခြင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၂၃၀ သိန်းဖြင့် ဆောင်ရွက်ရန် ထည့်သွင်းလျာထား ရေးဆွဲပြီးဖြစ်ပါကြောင်း။

ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခုဖြစ်သော Intake Tank တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၉၇ ဒသမ ၁ သိန်း၊ ကွီနမ့်ကိုင်ချောင်းရေထွက်မှ ၈ မိုင် ရေလှောင်ကန်သို့ 8"GI ပိုက်လိုင်းသွယ်တန်းခြင်း ပေ ၁၆၀၀၀ အတွက် ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၅၃၉၀ သိန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၅၀၀ ထောက်ပံ့ခွင့်ပြုခဲ့ပြီး 8"GI ပိုက်များ ဝယ်ယူစုဆောင်းသွားမည်ဖြစ်ပြီး ကျန်ရှိလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် ၄၉၈၈ သိန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရ သဘာဝဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေမှ ယခုနှစ်တွင် ငွေကျပ်သိန်း ၂၀၀၀ ထပ်မံခွဲဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်ငွေများကို ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ရွှေပုံ၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းနှင့် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

**မှန်ကန်စွာ အသုံးချတတ်ရန်လို**

ထို့နောက် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက **တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ဘဝမြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်းစိုက်ပျိုးရေးနည်းပညာသင်တန်းများ၊ နီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ ကမ္ဘာ့လူသားအားလုံး၏ အခြေခံအကျဆုံးမရှိမဖြစ် လိုအပ်ချက်သည် စားနပ်ရိက္ခာဖူလုံရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဆန်စပါးနှင့် ကောက်ပဲသီးနှံအမျိုးမျိုးအပါအဝင် သားငါးမျိုးစုံ ပိုလျှံသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် လူ့စွမ်းအား အရင်းအမြစ်နှင့် ရေမြေသယံဇာတ ရာသီဥတုအခြေအနေကောင်းများကို ပိုင်ဆိုင်ထားပြီး ပိုမိုထုတ်လုပ်နိုင်စွမ်းလည်းရှိပါကြောင်း၊ သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပင်မထုတ်လုပ်သူများဖြစ်သည့် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဘက်စုံထောင့်စုံမှ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသ တောင်သူလယ်သမားများကို ဗဟိုပြု၍ ငွေကြေးအရင်းအနှီး နည်းပညာရရှိရေး၊ မျိုးစေ့၊ မြေသြဇာ၊ စက်ကိရိယာမှအစ သွင်းအားစုများ အပါအဝင် တောင်သူတွက်ခြေကိုက်သော ဈေးနှုန်းနှင့် ရေရှည်တည်တံ့ခိုင်မာသည့် ဈေးကွက်ရရှိရေး အထိ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားလာသည်နှင့်အမျှ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူကိုဗဟိုပြု၍ ပြည်ထောင်စုအစိုးရမှ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများအားလုံးတို့မှ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



❑ ငွေကြေးအရင်းအနှီး နည်းပညာရရှိရေး၊ မျိုးစေ့၊ မြေသြဇာ၊ စက်ကိရိယာမှအစ သွင်းအားစုများ အပါအဝင် တောင်သူတွက်ခြေကိုက်သော ဈေးနှုန်းနှင့် ရေရှည်တည်တံ့ခိုင်မာသည့် ဈေးကွက်ရရှိရေးအထိ စနစ်တကျ ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဖတ်ကြားတင်သွင်း**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က ဥပဒေကြမ်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၈ မဲ၊ ကန့်ကွက်မဲ ၃၂၈ မဲ၊ ကြားနေမဲ ၅ မဲဖြင့် ကန့်ကွက်မဲများသဖြင့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန်မရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

**ဆွေးနွေးဆုံးဖြတ်**

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းသည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြု

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က သဘောတူ အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှစ်ခုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက ဖြေကြားခြင်း၊ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။




- သက်ဆိုင်ရာ အမှုစစ်တရားသူကြီး အသီးသီးအနေဖြင့်လည်း အမှုတစ်ခုချင်းအလိုက် အမြန်ပြီးပြတ်စေရေးအတွက် ပြီးပြတ်မည့်နေ့ရက်ကို လျာထားသတ်မှတ်ထားရှိ၍ ကြိုးပမ်းစစ်ဆေးဆောင်ရွက်လျက်ရှိ
- ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် သစ်တောဥပဒေ၏ အားနည်းချက်များကို စစ်ကြောပြုစုအဖြေရှာ ဆွေးနွေးကြရင်း ကောင်းသထက်ကောင်းအောင် အမြန်ပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်သူအများ မျှော်လင့်နေ

### အတည်ပြုချက်ရယူ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင်အဖွဲ့ဝင် ဗိုလ်မှူးကြီး သန်းဌေးအစား ဗိုလ်မှူးကြီး စိုးမိုးအောင်အား အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

### ကြိုးပမ်းစစ်ဆေးဆောင်ရွက်လျက်ရှိ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်များ၏အမှုအား လျင်မြန်စွာစစ်ဆေးပြီး ကလေးသူငယ် အခွင့်အရေးများရရှိရန် သက်ဆိုင်ရာသို့ ပြန်လည်လွှဲအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင် စစ်ဆေးဆဲ ကလေးသူငယ်မှုခင်းများမှ သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်အမှုများကို မှန်မှန်နှင့်မြန်မြန် ပြီးပြတ်စေရေးအတွက် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁ (ဂ)အရ ကလေးသူငယ်နည်းဥပဒေ ၇၄ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေးဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်စွဲပါ စာအမှတ်၊ ၃၈၇/ တိုင်းဦးစီး/ ၂၀၁၈ ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ အမှုစစ်တရားသူကြီးအသီးသီးအနေဖြင့်လည်း အမှုတစ်ခုချင်းအလိုက် အမြန်ပြီးပြတ်စေရေးအတွက် ပြီးပြတ်မည့်နေ့ရက်ကို လျာထားသတ်မှတ်ထားရှိ၍ ကြိုးပမ်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### အဆင်ပြေလွယ်ကူစွာ သိရှိနိုင်ကြပြီဖြစ်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံကြားနာစီရင်ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင်အမှုခေါ်စာရင်းများ၊ လက်ခံသည့်အမှုများ၊ အကျဉ်းနည်းဖြင့် ပယ်သည့်အမှုများ၊ အပြီးသတ်အမိန့်ချသည့် အမှုများကို နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ပုံမှန် သို့မဟုတ် အချပ်ပိုစာမျက်နှာတစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာအသုံးပြုလျှင် ပြည်သူများအနေဖြင့် အခက်အခဲများ ပြေလျော့ပြီး ပိုမိုပွင့်လင်းမြင်သာမှု ရရှိနိုင်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေးက ယနေ့ခေတ်တွင် ပြောင်းလဲတိုးတက်လာသော IT နည်းပညာနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ဖြစ်သည့် www.unionsupremecourt.gov.mm နှင့် Facebook Account တွင် ကြိုတင်အမှုခေါ်စာရင်းနှင့် အမိန့်ချမှတ်မည့် အမှုများစာရင်းကို အပတ်စဉ် ဖော်ပြကြေညာပေးလျက်ရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လူကိုယ်တိုင်လာရောက်ကြည့်ရှုရန် မလိုအပ်တော့ဘဲ အလှမ်းဝေးသည့်နေရာဒေသများတွင် နေထိုင်လျက်ရှိသော အမှုသည်များ၊ ရှေ့နေများအနေဖြင့် မိမိတို့၏ အမှုကြားနာမည့်နေ့ရက်နှင့် အမိန့်ချမှတ်မည့်နေ့ရက်များကို အဆင်ပြေလွယ်ကူစွာသိရှိနိုင်ကြပြီ ဖြစ်ပါကြောင်း။

### ထည့်သွင်းကြော်ငြာပေးရန် အစီအစဉ်မရှိ

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းလာသည့် အယူခံမှု၊ ပြင်ဆင်မှုလျှောက်ထားချက်များနှင့် ပတ်သက်၍ ယင်းသို့ တင်သွင်းလာသည့်နေ့တွင် ရုံးခန်းတာဝန်ကျတရားသူကြီး တစ်ဦးရှေ့မှောက်သို့ တင်ပို့စေပြီး လက်ခံသင့်၊ မသင့် ဆုံးဖြတ်ရပါကြောင်း၊ အကယ်၍ လက်ခံလျှင်ဖြစ်စေ၊ ပလပ်လျှင်ဖြစ်စေ ယင်းသို့ လက်ခံကြောင်း၊ ပလပ်ကြောင်း ဆုံးဖြတ်သည့် အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြော်ငြာသင်ပုန်းများတွင် နေ့ချင်းကြေညာရပါကြောင်း၊ ထိုသို့အခြေအနေမျိုးတွင် အယူခံမှု၊ ပြင်ဆင်မှုအပေါ် လက်ခံကြောင်း၊ ပယ်ကြောင်း ချမှတ်လိုက်သည့် အမိန့်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်မီထည့်သွင်းဖော်ပြရန် ဖြစ်နိုင်မည်မဟုတ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံကြားနာစီရင်ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင်အမှုခေါ်စာရင်းများ၊ လက်ခံသည့်အမှုများ၊ အကျဉ်းနည်းဖြင့် ပယ်သည့်အမှုများ၊ အပြီးသတ်အမိန့်ချသည့်အမှုများကို နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ပုံမှန် (သို့မဟုတ်) အချပ်ပိုစာမျက်နှာတစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်းက ဆွေးနွေးရာတွင် ဤဥပဒေမူကြမ်းကို ပြင်ဆင်ဖြည့်စွက် ဆွေးနွေးရခြင်းနှင့်ပတ်သက်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် သစ်တောသယံဇာတများအား စီမံအုပ်ချုပ်သည့် လုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အစိုးရအဖွဲ့၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်အတွက် အဓိကရည်ရွယ်၍ ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် သစ်တောဥပဒေ၏အားနည်းချက်များကို စစ်ကြောပြုစုအဖြေရှာ ဆွေးနွေးကြရင်း ကောင်းသထက်ကောင်းအောင် အမြန်ပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်သူအများ မျှော်လင့်နေပါကြောင်း ဆွေးနွေးပြောကြားသည်။

### ပယ်ဖျက်သင့်သည်ဟု ဆွေးနွေးခဲ့

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းခဲ့ရာတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကြည်ဝင်းက မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၅၉တို့ကို ပယ်ဖျက်သင့်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဌ)ကို ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၈အဖြစ် အသစ် ဖြည့်စွက်သင့်ကြောင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးလှဆန်းက မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဌ)ကို ပယ်ဖျက်သင့်သည်ဟု ဆွေးနွေးခဲ့ပါကြောင်း။

မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၅၉တို့ပါ ပြဋ္ဌာန်းချက်များသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တမင်ရည်ရွယ်ချက်ဖြင့် မမှန်မကန်တိုင်ကြားသည့် ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် ပယ်ဖျက်ရန် မသင့်သည့်အတွက်လည်းကောင်း၊ ပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၈ အဖြစ် အသစ်ဖြည့်စွက်ချက်သည် code of conduct ရေးဆွဲဆောင်ရွက်နေပြီဖြစ်ခြင်း၊ မူလဥပဒေပုဒ်မ ၇၂ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ဝိရောဓိဖြစ်နိုင်ခြင်း၊ အဆိုပြုတင်ပြချက်သည် ဥပဒေရေးထုံးနှင့် ညီညွတ်မှုမရှိဘဲဆိုလိုသည့်အဓိပ္ပာယ် ပေါ်လွင်ထင်ရှားမှု မရှိခြင်းတို့ကြောင့် အသစ်ဖြည့်စွက်ရန်မလိုအပ်သည့်အတွက်လည်းကောင်း အဆိုပါဆွေးနွေးချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်သည်ဟု သဘောထား ရရှိခဲ့ပါကြောင်း။

### ရှင်းလင်းတင်ပြ

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၊ နော်လှလှစိုး၊ ဦးလှဆန်းတို့၏ တင်ပြချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) မှ ဦးမောင်မောင်လတ်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## တရုတ်-အရှေ့တောင်အာရှ စီးပွားရေးလုပ်ငန်းရှင်များအသင်းတွင် မြန်မာလုပ်ငန်းရှင်များ ပါဝင်ရန် ဖိတ်ခေါ်

**ရန်ကုန် မေ ၂၃**

တရုတ်စီးပွားရေး လုပ်ငန်းရှင်များနှင့် အရှေ့တောင်အာရှနိုင်ငံများတွင်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပြီး အစိုးရအဖွဲ့စည်းမဟုတ်သော တရုတ်-အရှေ့တောင်အာရှ စီးပွားရေးအသင်းတစ်ခု တည်ထောင်ရန်ရှိသည့်အတွက် မြန်မာလုပ်ငန်းရှင်များပါဝင်ရန် ဖိတ်ခေါ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

ပြီးခဲ့သည့် မေ ၁၈ ရက်က တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ Ms.Mo Changying နှင့် အဖွဲ့ဝင်များသည် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းအား လာရောက်တွေ့ဆုံပြီး အသင်းတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအသင်းမှာ အရှေ့တောင်အာရှရင်းနှီးမှုကို စိတ်ဝင်စားသော တရုတ်စီးပွားရေးကုမ္ပဏီများဖြင့် ဖွဲ့စည်းထားသော အသင်းအဖွဲ့ဖြစ်ပြီး နိုင်ငံတကာနာမည်ကြီး ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်မည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

စီးပွားရေးလုပ်ငန်းရှင်အများအပြားပါဝင်မည့် တရုတ်-အရှေ့တောင်အာရှအသင်းကို ပေကျင်းမြို့မှတစ်ဆင့် တိုက်ရိုက်ထိန်းချုပ် သွားမည်ဖြစ်ပြီး ရုံးချုပ်ကို ကွမ်ရှီးပြည်နယ်တွင် ထားရှိ၍ နိုင်ငံအနှံ့အပြားရှိ စီးပွားရေးလုပ်ငန်းများသို့ လေ့လာနိုင်သည့် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

အဆိုပါအသင်းကြီးတွင် တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်စပ်လုပ်ကိုင်မည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွမ်ရှီးပြည်နယ်သည် တရုတ်နိုင်ငံ OBOR စီမံကိန်း၏ အဓိကအချက်အချာကျသော မြို့တစ်မြို့ဖြစ်ကာ ကွမ်ရှီးပြည်နယ်၏ လယ်ယာထွက်ပစ္စည်းများနှင့် ကုန်ချောထုတ်လုပ်သည့်နေရာတွင် ကမ္ဘာ့အဆင့်မီ နည်းပညာများ၊ အထူးသဖြင့် ကြံ၏စိုက်ပျိုးနည်း၊ ထုတ်လုပ်နည်း၊ ထိန်းသိမ်းနည်းအမြောက်အမြားရှိသည့်အပြင် ဝက်မွေးမြူရေးနည်းပညာမှာလည်း အဆင့်မြင့်မားကြောင်း အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

**ငြိမ်းငြိမ်း**

# ICC အဖွဲ့ဝင်မဟုတ်သည့် မြန်မာနိုင်ငံအား အရေးယူမှုများ ပြုလုပ်ရန် ဆောင်ရွက်လာပါက လက်ခံမည်မဟုတ်

နေပြည်တော် မေ ၂၃

**ရခိုင်ပြည်နယ် မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး ICC အဖွဲ့ဝင်မဟုတ်သည့် မြန်မာနိုင်ငံအား အရေးယူမှုများပြုလုပ်ရန် ဆောင်ရွက်လာပါက လက်ခံမည်မဟုတ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။**



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး

ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်းဝန်ကြီးဌာနများ၏ ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ထို့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ICC နဲ့ပတ်သက်ပြီး နိုင်ငံတကာ စစ်ဘက်သဘောတူညီချက်နဲ့ ပတ်သက်လို့ ကုလသမဂ္ဂက မူချထားတာရှိတယ်၊ အဖွဲ့ဝင်နိုင်ငံတွေအပေါ် သက်ရောက်မှုရှိတယ်၊ နိုင်ငံတကာ စာချုပ် ဗီယင်နာကွန်ဗင်းရှင်းဆိုတာရှိတယ်၊ ဘာကိုဖော်ပြထားသလဲဆိုရင် နိုင်ငံတစ်နိုင်ငံက နိုင်ငံတကာ သဘောတူညီချက် ၁၂ ခုကို လိုက်နာဖို့ဆိုတာ ပထမလက်မှတ်ထိုးရတယ်။ အတည်ပြုတယ်၊ ပြီးမှအဖွဲ့ဝင်ဖြစ်တယ်၊ လက်မှတ်မထိုးတဲ့နိုင်ငံတွေက အသက်ဝင်လားဆိုတော့ မဝင်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်အဖြစ် လက်မှတ်ထိုးမထားဘူး၊ အစဉ်အလာလည်း မရှိဘူး၊ ဥပမာ ဒုက္ခသည်တွေအများကြီး ဘင်္ဂလားဒေ့ရှ်ကို ရောက်သွားတဲ့အတွက် မြန်မာနိုင်ငံမှာ တာဝန်ရှိတယ်ဆိုရင် ကမ္ဘာမှာ EU နိုင်ငံတွေ ခွဲတမ်းချပြီးယူခဲ့ရတဲ့ ဆီးရီးယားပဋိပက္ခတွေရှိတယ်၊ ဆိုလိုတာက ICC အဖွဲ့ဝင်ဖြစ်တဲ့ အဲဒီနိုင်ငံတွေတောင် ဒီလိုကိစ္စတွေမှာ အရေးယူမှု မရှိခဲ့ဘူး၊ မြန်မာနိုင်ငံနဲ့ ပတ်သက်လာရင် လက်မခံဘူး"ဟု ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ဆက်လက်၍ ၎င်းက "နိုင်ငံတကာသဘောတူညီချက် သဘောတရားတွေအရ ရှင်းရမယ်ဆိုရင် မြန်မာနိုင်ငံက ICC အဖွဲ့ဝင်မဟုတ်ဘူး၊ ICC သည် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုမရှိဘူး၊ ဖြစ်လာတာက ဘာလဲဆိုတော့ မြန်မာနိုင်ငံမှာ ပြဿနာတွေဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ရောက်သွားတယ်၊ ဘင်္ဂလားဒေ့ရှ်သည် ICC အဖွဲ့ဝင်နိုင်ငံဖြစ်တယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ Observation ကိုတောင်းတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ သဘောထားက မီဒီယာတွေမှာလည်း ထင်ဟပ်နေတယ်၊ သူကတော့ Observation တင်မယ်၊ တင်ရင် ICCမှာ တရားသူကြီး ၃ယောက်ထိုင်မယ်။ အဲဒီကနေ ဒီဟာသည် ICC ကနေ စစ်ဆေးသင့်၊ မသင့်၊ လက်ခံလား မခံလား၊ လက်ခံတယ်ဆိုရင် ကော်မတီတစ်ရပ်ဖွဲ့မယ်၊ ဒါက ICC Process ပါ၊ ကမ္ဘာမှာ ICC ကနေ အရေးယူတဲ့ နိုင်ငံတွေဖြစ်စဉ်ကို ကြည့်လိုက်ရင် နံပါတ်တစ် ICC အဖွဲ့ဝင်မဟုတ်ရင် လုပ်လို့မရဘူး၊ လုပ်လို့မရတာကို လုပ်ရင် လက်မခံဘူး။

"နံပါတ်နှစ် ICC အဖွဲ့ဝင်မဟုတ်ဘူး၊ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်နဲ့ ဆက်နွှယ်ပြီး လုပ်လာမယ်ဆိုရင် ကမ္ဘာပေါ်မှာ မရှိဘူးသော ဖြစ်စဉ် မြန်မာနိုင်ငံမှာ လာဖြစ်တာကို လက်မခံဘူး၊ သုံးအချက်က အစပိုင်းက တပ်မတော်ခေါင်းဆောင်တွေကို ပစ်မှတ်ထားတယ်၊ အခုအစိုးရခေါင်းဆောင်တွေလည်း ပါလာပြီဆိုတာကို ပြောချင်တာ၊ ပြည်သူတွေကြားမှာ အများကြီးထွေပြားမှုရှိတယ်၊ ဒါက ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ သက်ဆိုင်တယ်၊ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ကိုယ်ရဲ့အချုပ်အခြာအာဏာကို ကိုယ်ပိုင်ပါတယ်၊ ဘယ်နိုင်ငံမှ စော်ကားလို့မရဘူး၊ UN Charter မှာပါတယ်၊ သို့သော် အကြောင်းရင်းတွေကြောင့်ဖြစ်လာတဲ့ ဒီကိစ္စတွေက ဥပမာ အကြမ်းဖက်အဖွဲ့အစည်းက တိုက်သွားတယ်၊ ပြည်သူတွေ၊ မြို့တွေ၊ သက်တွေ၊ ရခိုင်တွေ သေတယ်၊ ထွက်ပြေးရတယ်၊ ဟိန္ဒူတွေ အသတ်ခံရတယ်၊ တပ်မတော်အဖွဲ့အစည်းတွေ ဝင်လာပြီး ကာကွယ်ရတယ်၊ တပ်မတော်အဖွဲ့အစည်းတွေ လုံခြုံရေးတပ်ဖွဲ့တွေမရှိရင် အကုန်ဒုက္ခရောက်ပြီ၊ ဒီလိုအနေအထားမျိုးမှာ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ Right of Defence ဆိုတာရှိတယ်၊ ကိုယ့်ရဲ့ပြည်သူလူထု အကြမ်းဖက်သတ်ဖြတ်မှုခံရတယ်ဆိုရင် ကာကွယ်ရမှာပဲ"ဟု ပြောသည်။

**သတင်း-မင်းသစ် (MNA)၊ ဓာတ်ပုံ-ကျော်ရဲဆွေ**

---

*စာမျက်နှာ ၅ မှ*

ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ CB Bank မှ လုပ်ငန်းရှင် ၂၂၅ ဦးကို ကျပ်၂၂၈၃ သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ JICA မှ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မြန်မာနိုင်ငံအစိုးရသို့ ထုတ်ချေးပေးခဲ့သည့် JICA Two Step Loan ချေးငွေ ဂျပန်ယန်း သန်း ၅၀၀၀၀ နှင့်ညီမျှသော မြန်မာငွေကျပ် ၅၇ ဒသမ ၆၃၄ ဘီလီယံကို ပုဂ္ဂလိကဘဏ် ၆ ဘဏ်မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားကြသည်။

**ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်တင်၍ ဆောင်ရွက်**

ဆက်လက်၍ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက** ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ရိုးသားဖြောင့်မတ်မှု၊ လွတ်လပ်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု၊ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ လျှို့ဝှက်စောင့်ထိန်းမှု၊ လုံ့လစိုက်ထုတ်၍ သတိသမ္ပဇဉ်ဖြင့် ဆောင်ရွက်မှု၊ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်တင်၍ ဆောင်ရွက်မှု စသည့်တန်ဖိုးများကို ထိန်းသိမ်းလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပြင်ဆင်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များနှင့် စာရင်းစစ်အရာရှိများ၏ တာဝန်များကို ပိုမိုအပ်နှင်းခြင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပြင်ဆင်ခြင်း၊ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု ဥပဒေ၊ ၂၀၁၈-၂၀၂၂ မဟာဗျူဟာစီမံချက်ရေးဆွဲခြင်း၊ နိုင်ငံတကာ စာရင်းစစ်စံများလိုက်နာရန် ကြိုးပမ်းမှုများ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ပြောင်းလဲဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

**အကြီးမားဆုံးသော ပြုပြင်ပြောင်းလဲမှုဖြစ်**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းသည် စာရင်းကိုသာ အဓိကထား၍ စစ်ဆေးနေရာမှ ပဓာနကျသောလုပ်ငန်းကို အလေးပေး၍ စစ်ဆေးဖော်ထုတ် အစီရင်ခံခြင်းဖြစ်သဖြင့် အကျိုးကျေးဇူးများစွာ ရရှိလာပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာကာလအတွင်း ဖြစ်ထွန်းလာခဲ့သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြီးမားဆုံးသော ပြုပြင်ပြောင်းလဲမှုဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အစီရင်ခံစာတင်ပြမှုများအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မေ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

❑ **မြေဆိပ်ဖြေဆေးကို ဒေသတွင်းနိုင်ငံများဖြစ်သော လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံသို့ မြွေပွေးအဆိပ်ဖြေဆေး အအေးခဲခြောက်(Freeze–dried) အလုံး ၃၀၀ နှင့် လာအိုနိုင်ငံသို့ မြွေဆိပ်ဖြေဆေး အလုံး ၂၀၀ ကို တစ်လုံးလျှင် US$ 22 တန်ဖိုးဖြင့် တင်ပို့ရောင်းချခဲ့ပြီးဖြစ်**

❑ **ဂျပန်နိုင်ငံ JICA မှ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မြန်မာနိုင်ငံ အစိုးရသို့ ထုတ်ချေးပေးခဲ့သည့် JICA Two Step Loan ချေးငွေ ဂျပန်ယန်း သန်း ၅၀၀၀၀ နှင့်ညီမျှသော မြန်မာငွေကျပ် ၅၇ ဒသမ ၆၃၄ ဘီလီယံကို ပုဂ္ဂလိကဘဏ် ၆ ဘဏ်မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိ**

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံး၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၊ ဥရောပသမဂ္ဂ (EU)တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ရှင်းလင်းပြောကြား**

နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စီမံကိန်းများ၏စာရင်းကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များသတ်မှတ်၍ ပြင်ပပုဂ္ဂိုလ် အဖွဲ့အစည်းများကို စစ်ဆေးရန် တာဝန်လွှဲအပ်ဆောင်ရွက်ခြင်း၊ အစိုးရနှင့်ဖက်စပ်ဆောင်ရွက်သော ကုမ္ပဏီများ၏စာရင်းများကို ပြင်ပစာရင်းစစ်လုပ်ငန်းများက စစ်ဆေးရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုစာရင်းစစ်ချုပ်ထံမှ သဘောထားမှတ်ချက်တောင်းခံလာပါက သဘောထားမှတ်ပေးခြင်း၊ လိုအပ်သလို လမ်းညွှန်ခြင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူများက စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ပေးဆောင်ရသည့် အခွန်အခများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ထပ်မံစစ်ဆေးခြင်း၊ အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ်များ (MRA)အရ အခြားအာဆီယံနိုင်ငံများမှ စာရင်းပညာရှင်များသည် မြန်မာနိုင်ငံတွင် စာရင်းစစ်ခြင်းမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ဆောင်ရွက်ခွင့်ပြုထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈)တွင် ပုဒ်မ ၇တွင် ဖော်ပြထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပါက စစ်ဆေးရေးလုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင် တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်းပြည်ပသတင်းမီဒီယာများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

**တာဝန်ရှိသူများက ဖြေကြား**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ စက်သုံးဆီဈေးနှုန်းကြီးမြင့်နေမှု၊ ဆန်တင်ပို့မှု မူဝါဒ၊ အစိုးရ၏ ပထမ တစ်နှစ်တာကာလနှင့် ဒုတိယ တစ်နှစ်တာကာလအတွင်း ပို့ကုန်အခြေအနေ၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးစင်္ကြံစီမံကိန်း၊ ပြည်ပသို့ သကြားတင်ပို့မှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအပေါ် စိုးရိမ်မှု လျှော့ချရန် အစီအစဉ်ရှိ၊ မရှိ၊ ARSA နှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းအချက်အလက်များ ဆောင်ရွက်နေမှုအခြေအနေ၊ (၂၁) ရာစု ပင်လုံညီလာခံနှင့် ပတ်သက်ပြီး ကြန့်ကြာနေမှု အခြေအနေ၊ ICC အပေါ် မြန်မာအစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှု၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ လတ်တလော တိုက်ပွဲများဖြစ်ပွားနေရသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

စက်မှုဝန်ကြီးဌာနနှင့်ပတ်သက်၍ အရေးပေါ်လူနာတင်ယာဉ်များနှင့် မော်တော်ယာဉ် ထုတ်လုပ်မှု၊ SME ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်မှု၊ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာလေလွင့်မှု၊ တင်ဒါ စည်းမျဉ်းစည်းကမ်းများ၊ စာရင်းကွာဟမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**

# ARSA ၏ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်ရပ်မှန်ကို ကမ္ဘာ့မီဒီယာများ ရေးသားဖော်ပြကြ ဖြစ်ရပ်မှန်များကို ကမ္ဘာ့မီဒီယာတို့ သိရှိလာကြပြီ

နေပြည်တော် မေ ၂၃

**ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက် အကြမ်းဖက်အုပ်စုက လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း အထောက်အထားအသစ်အရ သိရသည်ဟူသည့် ခေါင်းစဉ်ဖြင့် Amnesty International အဖွဲ့က မေ ၂၂ ရက် တွင် ထုတ်ပြန်ကြေညာခဲ့သည့် ဖြစ်ရပ်မှန်သတင်းအပေါ် နိုင်ငံတကာမီဒီယာများက ထပ်ဆင့်ထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ကြသည်။**

**အထောက်အထားတွေ့ရှိ**

VOA သတင်းဌာနက မေ ၂၃ ရက် နံနက် ၆ နာရီသတင်းအစီအစဉ်တွင် **ရခိုင်ပြည်နယ်အတွင်းရှိ ဟိန္ဒူဘာသာဝင် အမြောက်အမြားအား ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့က သတ်ဖြတ်ခဲ့သည်ဆိုသည့် အထောက်အထားတွေ့ရှိရကြောင်း Amnesty International အဖွဲ့ ပြောကြား** ခေါင်းစဉ်ဖြင့် ARSA အဖွဲ့က ခမောင်းဆိပ်ကျေးရွာအနီးတွင် ဟိန္ဒူအမျိုးသမီး၊ အမျိုးသားနှင့် ကလေးငယ် စုစုပေါင်း ၉၉ ယောက်ခန့်အထိ သတ်ဖြတ်ခဲ့သလို ဖမ်းဆီးခေါ်ဆောင်မှုများလည်း လုပ်ခဲ့သည်ဟု ထုတ်လွှင့်ဖော်ပြခဲ့သည်။

အလားတူ ဘီဘီစီသတင်းဌာနကလည်း **ရခိုင်တွေ့ရှိချက်သစ် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ထုတ်ပြန်** ခေါင်းစဉ်ဖြင့် Amnesty International အဖွဲ့၏ ယခုတစ်ခေါက် အစီရင်ခံစာထဲတွင် ရခိုင်ပြည်နယ်ရှိ ဟိန္ဒူအသိုင်းအဝိုင်းကို ပစ်မှတ်ထားပြီး အာဆာအဖွဲ့က ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုများအကြောင်း ဖော်ပြထားကြောင်း၊ ယခု အစီရင်ခံစာ ထုတ်ပြန်နိုင်ရန် ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့သည့် မြန်မာ့အရေး အထူးပြုသုတေသနပြုလုပ်သူ Amnesty International အဖွဲ့မှ လော်ရာဟော့ဂ်ဆိုသူ အမျိုးသမီးအား BBC က မေးမြန်းရာ ၎င်းက မောင်တောမြို့နယ် ခမောင်းဆိပ်ရွာတွင် ဟိန္ဒူ ၉၉ ယောက်အထိ အသတ်ခံခဲ့ရပြီး မောင်တောအပြင်ဘက် သီးခြားဖြစ်ရပ် တစ်ခုတွင်လည်း အသတ်ခံခဲ့ရသည့် ဟိန္ဒူ ၆ ယောက်ရှိသည်ဆိုသည့် အထောက်အထားသက်သေများကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ကျူးလွန်သူများသည် ARSA အစွန်းရောက်အကြမ်းဖက်သမားများဟု ကောက်ချက်ချနိုင်ကြောင်း ဖြေကြားခဲ့သည်ဟူသည့် သတင်းကို ထုတ်လွှင့်ခဲ့သည်။

**ကမ္ဘာ့သတင်းမီဒီယာများက ထုတ်လွှင့်ဖော်ပြ**

ထို့ပြင် အဆိုပါဖြစ်ရပ်မှန်သတင်းနှင့် ပတ်သက်၍ Aljazeera, CNN, AFP, CNA, FOX News Channel , Sky News , The Straits Times, The Guardian , Daily Mail, The Daily Star, The Independent, The Wall Street Journal , The Washington Post, The Times of India , TIME, Bangkok Post စသည့် ကမ္ဘာ့သတင်းမီဒီယာများကလည်း ထုတ်လွှင့်ဖော်ပြထားကြသည်ကို တွေ့ရသည်။

**တူးဖော်တွေ့ရှိခဲ့**

ယင်းဖြစ်ရပ်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သတ်ဖြတ်ခံရသည့် ဟိန္ဒူဘာသာဝင်များ၏ အလောင်းများကို စက်တင်ဘာလအတွင်းက တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဖမ်းဆီးခေါ်ဆောင်သွား**

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများ၏ ပြောကြားချက်များအရ ARSA အစွန်းရောက် အကြမ်းဖက်သမား ၃၀၀ ခန့်က ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသား၊ အမျိုးသမီး ၁၀၀ ခန့်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရွာ၏ အနောက်ဘက်မိုင် ၁၀၀၀ ခန့် အကွာတွင် အမျိုးသား၊ အမျိုးသမီးများအား သတ်ဖြတ်ကာ ၎င်းတို့ ၈ ဦးအား အစ္စလာမ်ဘာသာသို့ ဝင်ခိုင်းခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

> **"ကမ္ဘာ့သတင်းမီဒီယာအများစုက ယင်းသတင်း ဖြစ်ရပ်မှန်များကို ထုတ်လွှင့်ဖော်ပြရန် ပျက်ကွက်ခဲ့ကြသော်လည်း ယခုအခါ သတင်းဖြစ်ရပ်မှန်ကို အလေးအနက်ထားပြီး ပြန်လည်ထုတ်လွှင့်ဖော်ပြလာခဲ့ခြင်းဖြစ်"**

**နိုင်ငံပိုင်သတင်းမီဒီယာများက ထုတ်လွှင့်ဖော်ပြ**

ရဲဘော်ကျကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ တူးဖော်ရှာဖွေခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ရုပ်အလောင်း ၂၈ လောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ရုပ်အလောင်း ၁၇ လောင်း စုစုပေါင်း ၄၅ လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ၄၈ ဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း၊ ထို့ပြင် မောင်တောမြို့နယ် အိုးထိန်းကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၄၄ ဦး ပျောက်ဆုံးနေကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး နိုင်ငံပိုင် သတင်းမီဒီယာများကလည်း ထုတ်လွှင့်ဖော်ပြခဲ့ပြီး ဖြစ်သည်။

ယခုကဲ့သို့ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများ တွေ့ရှိရာနေရာသို့ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ သွားရောက် သတင်းယူခဲ့ရာတွင် TBS, Asahi Shun Bum, EPA , AFP, VOA , CNA, BBC , Xinhua , TV Asahi , Nippon, Frontier Myanmar , Reuter သတင်းဌာနတို့မှ သတင်းထောက်များ လိုက်ပါခဲ့ကြသည်။

**သတင်းဖြစ်ရပ်မှန်**

ထိုအချိန်က ကမ္ဘာ့သတင်းမီဒီယာအများစုက ယင်းသတင်းဖြစ်ရပ်မှန်များကို ထုတ်လွှင့်ဖော်ပြရန် ပျက်ကွက်ခဲ့ကြသော်လည်း ယခုအခါ သတင်းဖြစ်ရပ်မှန်ကို အလေးအနက်ထားပြီး ပြန်လည်ထုတ်လွှင့်ဖော်ပြလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**







ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက် အကြမ်းဖက်အုပ်စုက လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း ဖြစ်ရပ်မှန်နှင့် ပတ်သက်၍ နိုင်ငံတကာမီဒီယာများက ဖော်ပြထားမှုကို တွေ့ရစဉ်။




ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုက လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း ဖြစ်ရပ်မှန်နှင့်ပတ်သက်၍ နိုင်ငံတကာမီဒီယာများက ဖော်ပြထားမှုကို တွေ့ရစဉ်။



# ပုဏ္ဏားကျွန်းမြို့နယ် မင်းဇီချောင်းကျေးရွာ၌ ဘေးကင်းလုံခြုံသောကျောင်းဆောင်သစ်ဖွင့်




စစ်တွေ မေ ၂၃

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အခြေခံပညာဦးစီးဌာနနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနတို့၏ ညွှန်ကြားမှုဖြင့် ဆွစ်ဇ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SDC) နှင့် အိုင်အိုအမ်အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော ပုဏ္ဏားကျွန်းမြို့နယ် မင်းဇီချောင်းကျေးရွာ ဘေးကင်းလုံခြုံသော အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှေ့မျက်နှာစာ၌ ကျင်းပသည်။**

ရှေးဦးစွာကျောင်းဆောင်သစ်ကို ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E. Mr. Paul R. Seger နှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးစိန်ထွန်းလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ကျောင်းဆောင်သစ်အစည်းအဝေးခန်းမ၌ အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဆွစ်ဇာလန် နိုင်ငံအစိုးရမှ ရသေ့တောင်မြို့နယ်တွင် ကျောင်းနှစ်ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် တစ်ကျောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် တစ်ကျောင်း စုစုပေါင်းလေးကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ပါကြောင်း၊ ယခုဆောက်လုပ်လှူဒါန်းသော ကျောင်းများသည် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်ပြီး ဆောက်လုပ်ပေးထားပါကြောင်း၊ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်ကြုံတွေ့နေရသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ယခုဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်သည် စာသင်ကျောင်းတစ်ခုတည်းအတွက်မဟုတ်ဘဲ သဘာဝဘေးဒဏ် ခိုလှုံနိုင်အောင် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ကျေးရွာပြည်သူများကလည်း ကျောင်းဆောင်သစ်ကို ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဦးစိန်ထွန်းလှ၊ ကျောင်းအကျိုး တော် ဆောင်ကော်မတီဥက္ကဋ္ဌ ဦးမောင်အေးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာအလျားပေ ၉၀၊ အနံ ၃၂ ပေ၊သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်သိန်းကျော်ဖြင့် ဆွစ်ဇ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့(SDC) နှင့် အိုင်အိုအမ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဘေးကင်းလုံခြုံသောကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

■ *ကျောဖုံးမှ*

ထို့နောက် ချစ်ကြည်ရေးတံတားအနီး လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလေ့လာကြပြီး NVC ကတ်ထုတ်ပေးခြင်းနှင့် ထုတ်ယူနိုင်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ Biometric ရယူခြင်းဆိုင်ရာအကြောင်းအရာများ၊ NVC ကတ်ထုတ်ယူရရှိနိုင်ရေး လုပ်ငန်းစဉ်များနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအတွင်း လှည့်လည်သတင်းရယူကြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းသို့ ရောက်ရှိပြီး နယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများအား တွေ့ဆုံသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းအဖွဲ့သည် စစ်တွေမြို့သို့ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းစဉ်**



လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုနှင့်ပတ်သက်၍ သတင်းမီဒီယာအဖွဲ့သတင်းရယူနေစဉ်။



သတင်းမီဒီယာအဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ် ချစ်ကြည်ရေးတံတားပေါ်၌ ကြည့်ရှုလေ့လာနေစဉ်။

---

# မောင်တော၌ ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် သင်တန်းဆင်း

**မောင်တော မေ ၂၃**

မောင်တောမြို့နယ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မူလတန်းအဆင့် ဒုတိယတန်းသင်ရိုးသစ်ကျောင်းအုပ်စုအဆင့် သင်တန်း ဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက မောင်တောမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်အောင်က အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းသားများကိုယ်စား သင်တန်းသားဆရာတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းသည် ကလေးငယ်များ၏ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်နှင့် ဘာသာရပ်တိုင်းကို လေ့လာပြီး လက်တွေ့သင်ကြားနိုင်ရေးအတွက် သင်တန်းတက်ရောက်လာကြသည့် သင်တန်းသား ဆရာ ဆရာမများကို စနစ်တကျ သင်ကြားပေးခဲ့ခြင်း ဖြစ်ပြီး သင်တန်းနည်းပြများက အားကြိုးမာန်တက် သင်ကြားပေးခဲ့သည့်အပြင် သင်တန်းသား ဆရာ ဆရာမများကလည်း စိတ်ပါဝင်စားစွာ လေ့လာသင်ယူခဲ့ကြကြောင်း သိရသည်။

မောင်တောမြို့နယ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မူလတန်းအဆင့် ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် သင်တန်းကို မေ ၈ ရက်မှ ၂၃ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြ ဆရာ ဆရာမ၊ သင်တန်းသားဆရာ ဆရာမများ အပါအဝင် စုစုပေါင်း ၄၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ-သက်လွင်စိုး(ခရိုင် ပြန်/ဆက်)**





# သီတဂူသာသနာပြုအဖွဲ့မှ လှူဒါန်းသော ဆိုလာမီးလုံး ၆၀၀ ရဲတပ်ဖွဲ့ဝင်များသို့ ပေးအပ်

**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ သီတဂူသာသနာပြု အဖွဲ့မှ လှူဒါန်းသော ဆိုလာမီးလုံး ၆၀၀ အား နယ်စပ်ဒေသတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၂၂ ရက် ညနေပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါမီးလုံးများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေတို့က ပေးအပ်ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ယခုလှူဒါန်းသော ဆိုလာမီးလုံးများအား နယ်စပ်ဒေသတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသာ ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ အသုံးပြုနိုင်ရန်တပ်ဖွဲ့တစ်ဖွဲ့လျှင် ဆိုလာမီးလုံး ၂၀၀ စီ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

သီတဂူသာသနာပြုအဖွဲ့အနေဖြင့် ဆိုလာမီးလုံး ၁၆၀ ကိုလည်း သက္ကယ်ပြင် IDP စခန်းရှိ အစ္စလာမ်ဘာသာဝင်များထံသို့ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာကို စာနာပါ

အေးကြွယ်

မကြာသေးမီက ကမ္ဘာ့သတင်းစာမျက်နှာများတွင် အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကြီးတစ်ခု တည်ဆောက်မည်ဆိုသည့် သတင်းတစ်ပုဒ် ရေပန်းစားခဲ့သည်။ အမေရိကန်နိုင်ငံအတွင်း မည်သည့် ကျူးကျော်ဝင်ရောက်မှုကိုမဆို ပြန်လည်တုံ့ပြန်ရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် အမေရိကန် ဒေါ်လာ ၇၃ ဒသမ ၃ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်မည်ဟု သိရသည်။

### သဘောသဘာဝချင်း မတူညီ

စင်စစ် အမေရိကန်နှင့် မက္ကဆီကို နယ်စပ်ပြဿနာများသည် သာမန်နှစ်နိုင်ငံ နယ်စပ်ပြဿနာမျိုးတော့မဟုတ်။ ပထဝီနိုင်ငံရေး အန္တရာယ်လမ်းကြောင်းများဟု ဆိုရလောက်အောင် (Geopolitical Fault Lines) ကြီးကျယ်လှသည်။ အမှန်အတိုင်းပြောရလျှင် သမားရိုးကျ ရွှေ့ပြောင်းနေထိုင်မှုပုံစံနှင့် ထိစပ်နယ်မြေအတွင်း ရွှေ့ပြောင်းနေထိုင်မှုပုံစံများမှာ သဘောသဘာဝချင်း မတူညီကြပေ။

သမားရိုးကျ ရွှေ့ပြောင်းနေထိုင်သူများသည် ယင်းတို့၏ နိုင်ငံကို အပြီးတိုင်ကျောခိုင်းခဲ့ပြီးဖြစ်၍ နိုင်ငံသစ်တွင် သဟဇာတဖြစ်အောင် အခြေချနေထိုင်မည့် သူများဖြစ်သည်။ ထိစပ်နယ်မြေများအတွင်းသို့ ရွှေ့ပြောင်းနေထိုင်လာကြသူများမှာမူ နယ်မြေသစ်တွင် သဟဇာတဖြစ်အောင် နေထိုင်လိုခြင်းထက် နယ်မြေဟောင်း၊ နိုင်ငံဟောင်း၏ နိုင်ငံရေး၊ စီးပွားရေး အကျိုးစီးပွားများကို ပုန်းကွယ်သိုဝှက်၍ ဝင်ရောက်လာကြသူများသာ ဖြစ်သည်။

### သိသိသာသာ ပိုမိုလာ

မိုင်ပေါင်း ၂၀၀၀ မျှ ရှည်လျားသော အမေရိကန်-မက္ကဆီကို နယ်ခြားမျဉ်းသည် ပထဝီထူးခြားချက်တစ်ခုဟု ဆိုရမည်။ ၁၉၆၅ ခုနှစ်နောက်ပိုင်း အမေရိကန်သို့ လာရောက်အခြေချနေထိုင်လာကြသူများထဲတွင် မက္ကဆီကန်များသည် အများဆုံးဖြစ်ပြီး တရားဝင် လာရောက်အခြေချသူ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့်ပင် ရှိကြသည်။ အမေရိကန်-မက္ကဆီကို ပူးတွဲကော်မရှင်၏ ခန့်မှန်းချက်အရ နှစ်စဉ် မက္ကဆီကိုနယ်စပ်မှ ခိုးဝင်သူဦးရေ ၁၀၅၀၀၀ အထိရှိသည်ဟု သိရသည်။ ဤသို့ မက္ကဆီကိုမှ တရားမဝင် ဝင်ရောက်လာသူများကြောင့် အမေရိကန်အစိုးရအနေဖြင့် လူမှုစီးပွားပြဿနာ အထွေထွေ ပေါ်ပေါက်မည်ကို စိုးရိမ်စရာဖြစ်နေသည်မှာ သဘာဝကျလှသည်။ တကယ်တမ်းပြောရလျှင် ကမ္ဘာတစ်ဝန်းမှ တရားမဝင် လာရောက်အခြေချနေထိုင်သူများ၏ မွေးနှုန်းမှာ အမေရိကန်လူမျိုးတို့၏ မွေးနှုန်းထက် သိသိသာသာ ပိုမိုလာခဲ့သဖြင့် အနာဂတ်အတွက် စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပင် ဖြစ်သည်။ ယင်းအခြေချ ရွှေ့ပြောင်းနေထိုင်သူများအနက် မက္ကဆီကန်တို့၏ မွေးနှုန်းမှာ သိသိသာသာ တိုးပွားလာခြင်းသည်လည်း အမေရိကန်နိုင်ငံအတွက် တွေးတောပူပင်စရာ ဖြစ်ခဲ့ရသည်ဟု ထင်သည်။

ပထဝီအပိုင်းအခြား၊ ဘာသာစကားနှင့် အမျိုးသား သရုပ်လက္ခဏာများထက် ဘုံတန်ဖိုးထားမှုများကိုသာ တစိုက်မတ်မတ် ပြောဆိုလာခဲ့သည့် အမေရိကန်နိုင်ငံသည် ယခုကဲ့သို့ ရွှေ့ပြောင်းအခြေချ နေထိုင်သူများ၏ အန္တရာယ်ကြုံတွေ့ရသည့်အချိန်တွင် မိမိနိုင်ငံလုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်နေသည့် အခြေအနေမှာ ပေါ်လွင်ထင်ရှားလှသည်။

### အာရှဒေသ သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာ

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နောက်ပိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမားရိုးကျမဟုတ်သော လုံခြုံမှုပြဿနာများကို သိသိသာသာ မြင်တွေ့နေရသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ ကြုံတွေ့နေရသည့် သမားရိုးကျမဟုတ်သော လုံခြုံမှုပြဿနာများသည် နိုင်ငံတိုင်းရှိ ပြည်သူများ၏ ရှင်သန်လွတ်မြောက်ရေးနှင့် သာယာဝပြောရေးအတွက် စိန်ခေါ်မှုများအဖြစ် တည်ရှိနေကြသည်။ ယင်းပြဿနာများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက ရာသီဥတုပြောင်းလဲမှုများ၊ သယံဇာတရှားပါးမှု၊ ကူးစက်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ၊ အစားအစာပြတ်လပ်မှုများ၊ လူမှောင်ခို ခိုးသွင်းမှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများပင် ဖြစ်သည်။ ဤပြဿနာများကို နိုင်ငံတစ်နိုင်ငံချင်း ဖြေရှင်းခြင်းထက် နိုင်ငံပေါင်းစုံက ပြည့်စုံကျယ်ပြန့်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တုံ့ပြန်မှုများဖြင့် စုပေါင်းဖြေရှင်းခြင်းဖြင့်သာ ဟန့်တားအဖြေရှာနိုင်မည် ဖြစ်သည်။

ယနေ့အချိန်တွင် အာရှဒေသ၌ ကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများမှာ ကူးစက်ရောဂါများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ၊ နယ်နိမိတ်ဖြတ်ကျော်ရွှေ့ပြောင်းသွားလာမှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် အကြမ်းဖက်မှု ပြဿနာများပင် ဖြစ်သည်။

ယင်းပြဿနာများအနက် အရှုပ်ထွေးဆုံးနှင့် အထွေပြားဆုံးသော ပြဿနာနှစ်ရပ်မှာ နယ်နိမိတ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများပင် ဖြစ်သည်။ ယင်းကဲ့သို့ အာရှဒေသအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများ၏ မြစ်ဖျားခံရာသည် အရှေ့အလယ်ပိုင်းဒေသရှိ အကြမ်းဖက်အဖွဲ့အစည်းများမှ ဖြစ်ပြီး ယင်းအကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်ကောင်းလာစေရန် တွန်းပို့ခဲ့ကြသည့် လက်သည်တရားခံမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူများပင်ဖြစ်ကြောင်း ကမ္ဘာအနှံ့ဖြစ်ပွားခဲ့ကြသည့် အကြမ်းဖက်မှုများက သက်သေခံလျက်ရှိသည်။

### နိုင်ငံတကာတွင် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ

၂၀ ရာစုနှောင်းပိုင်း ကမ္ဘာကြီးကို ပြန်ကြည့်ပါက အစွန်းရောက် ရယ်ဒီကယ်အစ္စလာမ္မစ်ဝါဒ လှုပ်ရှားမှုများ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာကြသည်။ အထူးသဖြင့် ဆော်ဒီအာရေဗျမှ ဝါဟာဘီဂိုဏ်း၊ အာဖဂန်မှ တာလီဘန်များနှင့် အိုစမာဘင်လာဒင်တို့မှာ ထင်ရှားသည့် ရယ်ဒီကယ်အစ္စလာမ္မစ်ဝါဒီများဟု ဆိုရမည်။ ၎င်းတို့အနေဖြင့် အစွန်းရောက်အယူအဆများကို အစ္စလာမ်လူထုအတွင်း သွတ်သွင်းကာ အမြစ်တွယ်ရှင်သန်စေခဲ့သည်မှာ ထင်ရှားလှသည်။ အီကောနော်မစ်မဂ္ဂဇင်းကြီးက ပြုစုထားသော စာရင်းဇယားများအရ ၁၉၈၃ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော နိုင်ငံတကာအကြမ်းဖက်မှု ၁၆ ခုအနက် ၁၂ ခုမှာ အစွန်းရောက် အစ္စလာမ္မစ်အုပ်စုများနှင့် ပတ်သက်နေသည်ဟု သိရ၏။ ၂၀၁၅ ခုနှစ်အတွင်း ဥရောပဒေသ၌ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ကြည့်ပါက သမားရိုးကျမဟုတ်သော ရွှေ့ပြောင်းသွားလာသူများနှင့် တွဲကပ်၍ ပါလာကြောင်း တွေ့ရှိရမည် ဖြစ်သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဥရောပဒေသသို့ ခိုလှုံခွင့်တောင်းခံသူများ ကျူးလွန်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို ကြည့်လျှင် ဝဲ့ဇ်ဘက်ဂ် ရထားတိုက်ခိုက်မှု၊ အင်စ်ဘက်ခ် ဗုံးခွဲတိုက်ခိုက်မှု၊ ဘာလင်ခရစ္စမတ်ဈေးတိုက်ခိုက်မှုနှင့် စတော့ဟုမ်းတိုက်ခိုက်မှုများကို တွေ့ရှိရမည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အစွန်းရောက်ဝါဒသွတ်သွင်းရန်နှင့် လူသစ်စုဆောင်းရန်အတွက် ရွှေ့ပြောင်းသွားလာသူများနှင့်ပူးကပ်ကာ ဥရောပဒေသသို့ ဝင်ရောက်လာခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်သည်။

### အကြမ်းဖက်အန္တရာယ်နှင့် မြန်မာနိုင်ငံ

ယနေ့အချိန်တွင် နိုင်ငံတကာလူမှုအသိုင်းအဝိုင်းတွင် သာမက မီဒီယာစာမျက်နှာများ၊ သံတမန်စာမျက်နှာများနှင့် ကမ္ဘာအရပ်ရပ်ရှိ ဆွေးနွေးပွဲများ၌ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်မှုများ မိုးလုံးညံနေသည်ကို တွေ့ရသည်။ အထူးသဖြင့် ကုလသမဂ္ဂ၌ပင် မြန်မာနိုင်ငံအရေး ဆွေးနွေးပြစ်တင်လာကြသည်။

> “လူသားချင်းစာနာထောက်ထားမှုကို အနောက်တိုင်းစစ်ရေးတာဝန်များဖြင့် အလွန်နီးကပ်စွာ ထွေးရောယှက်တင် အသုံးပြုမှုများ ရှိနေသည်ကို တွေ့မြင်ရသည့် အတွက်လည်း လွန်စွာ စိတ်မကောင်းဖွယ်ဖြစ်ရသည်။ လူသားချင်းစာနာ ထောက်ထားမှု အစီအစဉ်များကို မလျော်မကန် အသုံးပြုကြခြင်းကြောင့် နိုင်ငံတကာမညီမျှမှုများ ပပျောက်ရမည့်အစား အားဖြည့်ပေးသည့်ဘက်သို့ ယိမ်းယိုင်သွားမည်ကိုလည်း လွန်စွာစိုးရိမ်မိသည်”

စင်စစ် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ပြဿနာများမှာ ဘာသာရေး၊ လူမျိုးရေးပြဿနာတစ်ရပ် မဟုတ်ဘဲ တရားမဝင်ဝင်ရောက်မှု၊ သဘာဝသယံဇာတများ ပိုင်ဆိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာရပ်များသာ ဖြစ်သည်။ ၎င်းကိစ္စများကို နိုင်ငံတကာသတင်းမီဒီယာများက မျက်ကွယ်ပြုလျက်ရှိသည့်အပြင် ဘာသာရေးပြဿနာအဖြစ် ပုံဖော်နေခဲ့ကြခြင်းကြောင့် နိုင်ငံတကာအသိုက်အဝန်းက ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ပိုမိုအာရုံစိုက်လာခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုဖီအာနန် အကြံပေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် အပြုသဘောတုံ့ပြန်မှုများ ရရှိလာခဲ့သော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းပိုင်းတွင် အစွန်းရောက်အကြမ်းဖက်သမားများက ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် အခြေအနေ လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ရသည်။

### အဆိုးဆုံးလုပ်ရပ်

အဆိုးဆုံးလုပ်ရပ်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ကိုဖီအာနန် အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ ထုတ်ပြန်ပြီး နာရီပိုင်းအတွင်း ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးကင်းစခန်း ၃၀ နှင့် ရဲတပ်ရင်း၌ာနချုပ်တို့ကို တစ်ပြိုင်တည်း တိုက်ခိုက်မှုပင် ဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများစွာ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ယနေ့အချိန်တွင် ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသွားသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုပြုရေးအတွက် ဝိုင်းဝန်းဝေဖန်တိုက်ခိုက်မှုများ ကြုံတွေ့နေရသည်။ အမှန်အတိုင်းပြောရလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများမှာ ARSA အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်လှုံ့ဆော်မှု၊ မမှန်ကန်သော မျှော်လင့်ချက်များဖြင့် စည်းရုံးဆောင်ရွက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဖမ်းဆီးခံရမည်ကို စိုးရိမ်မှုစသည်တို့ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းသာ ဖြစ်သည်။

ဤဖြစ်စဉ်များကို လေ့လာကြည့်လျှင် ARSA အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုအပေါ် ဝေဖန်ရှုတ်ချမှုများ မပြုလုပ်ကြဘဲ မြန်မာအစိုးရနှင့် မြန်မာလူမျိုးများအပေါ် အပြစ်ပုံချဝေဖန်တိုက်ခိုက်မှုများကိုသာ တွေ့ရသည်။ စင်စစ် အကြမ်းဖက်မှုကို မည်သည့်ရည်ရွယ်ချက်၊ မည်သည့်ပုံစံဖြင့် ဆောင်ရွက်သည်ဖြစ်စေ ခွင့်ပြုလက်ခံ၍ မရသည်ကို နိုင်ငံတိုင်း၊ အစိုးရတိုင်းက နားလည်ပြီး ဖြစ်သည်။ ယနေ့ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် ပြဿနာသည် တရားမဝင် ဝင်ရောက်လာကြသူများနှင့်အတူ ပူးကပ်ဝင်ရောက်လာကြသည့် ARSA အကြမ်းဖက်သမားများ၏ အကြံအစည်နှင့် လုပ်ရပ်များကြောင့် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ARSA အကြမ်းဖက်သမားများသည် အရှေ့အလယ်ပိုင်းရှိ IS အဖွဲ့၊ အယ်လ်ခိုင်ဒါအဖွဲ့တို့နှင့် မည်သို့ချိတ်ဆက်နေကြသည်ကို နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကောင်းစွာသိရှိကြသော်လည်း ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြစ်တင်ခြင်းများမှာ တရားမျှတမှုမရှိဟု ထင်မြင်ခံစားရသည်။

### လွန်စွာစိုးရိမ်မိ

စစ်အေးတိုက်ပွဲအလွန် နိုင်ငံတကာဆက်ဆံရေးများတွင် “လူသားချင်းစာနာထောက်ထားမှု” စကားလုံးသည် ပုံစံသစ်ဖြင့် အတော်ပင်ရေပန်းစားလာခဲ့သည်။ သို့ရာတွင် ယင်းစကားလုံးကို အကာအကွယ်ပြု၍ ခေတ်ပြိုင်နိုင်ငံတကာ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက် ဆောင်ရွက်မှုများကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ တစ်နည်းအားဖြင့် လူသားချင်းစာနာထောက်ထားမှုကို အနောက်တိုင်း စစ်ရေးတာဝန်များဖြင့် အလွန်နီးကပ်စွာထွေးရောယှက်တင် အသုံးပြုမှုများ ရှိနေသည်ကို တွေ့မြင်ရသည့်အတွက်လည်း လွန်စွာစိတ်မကောင်းဖွယ်ဖြစ်ရသည်။ လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များကို မလျော်မကန် အသုံးပြုကြခြင်းကြောင့် နိုင်ငံတကာ မညီမျှမှုများ ပပျောက်ရမည့်အစား အားဖြည့်ပေးသည့်ဘက်သို့ ယိမ်းယိုင်သွားမည်ကိုလည်း လွန်စွာစိုးရိမ်မိသည်။

ယနေ့အချိန်တွင် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှု စကားလုံးကို အကာအကွယ်ပြု၍ ဘက်ပေါင်းစုံမှ လွှမ်းမိုးအကျပ်ကိုင်ရန် ကြိုးပမ်းအားထုတ်မှုများကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ မြန်မာနိုင်ငံသည် ယနေ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာက ဝေဖန်ပြစ်တင်နေသကဲ့သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လျစ်လျူရှုနေခြင်း အလျှင်းမရှိပေ။ နေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရေးတို့အတွက် FAO၊ WFP ကဲ့သို့သော အဖွဲ့အစည်းများ၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနတို့နှင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ကို နိုင်ငံတကာအသိုက်အဝန်းအားလုံးကို သိစေ၊ မြင်စေ၊ ကြားစေလိုသည်။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများတွင်လည်း အပြုသဘော ပါဝင်ဆောင်ရွက်စေလိုသည်။

### မြန်မာကို စာနာပါ

ရခိုင်ပြည်နယ်အရေးကိစ္စသည် သာမန်လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမဟုတ်ဘဲ သမိုင်းဇာစ်မြစ်ကြီးမားသည့် ပထဝီနိုင်ငံရေးဆိုင်ရာ ပြဿနာရပ်ဖြစ်၍ ယင်းပဋိပက္ခပြဿနာများ မကြီးထွား၊ မခက်ခဲစေရန် မြန်မာလူမျိုးတိုင်းက သတိကြီးကြီးထား၍ ကိုင်တွယ်ဖြေရှင်းနေရသည်ကို စာနာနားလည်ပေးသင့်သည်။ နိုင်ငံတိုင်းတွင် မတူညီသည့်သမိုင်းကြောင်း၊ မတူညီသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ မတူညီသည့် စံတန်ဖိုးများ ရှိနေကြသည်ဖြစ်ရာ ပြဿနာရပ်တိုင်းကို တစ်ပုံစံတည်း သွတ်သွင်းဖြေရှင်းဖို့ရာ မဖြစ်နိုင်ကြောင်း စဉ်းစားဆင်ခြင်သုံးသပ်ပေးသင့်သည်။

နိဂုံးချုပ်အားဖြင့် ကမ္ဘာ့နိုင်ငံကြီးများတွင် ကြုံတွေ့နေရသည့် ထိစပ်နယ်မြေများရှိ ရွှေ့ပြောင်းနေထိုင်မှုပြဿနာရပ်တိုင်းသည် ရှုပ်ထွေးနက်နဲပြီး ဖြေရှင်းရန် ခက်ခဲတတ်သည်။ အမေရိကန်နိုင်ငံက တည်ဆောက်နေသည့် အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကြီးကို ကြည့်ပါက နယ်စပ်ပြဿနာရပ်များနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ပြဿနာများကို အမေရိကန်အစိုးရအနေဖြင့် မည်မျှပူပန်ကြောင့်ကြမှုရှိသည်ကို တွေ့နိုင်သည်။ တစ်နည်းအားဖြင့် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းသွားလာမှုများအပေါ် လူသားချင်းစာနာထောက်ထားမှုရှုထောင့်က ကြည့်မြင်ခြင်းထက် အမေရိကန်နိုင်ငံ၏ လုံခြုံရေးရှုထောင့်က ကြည့်မြင်၍ ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် တရုတ်၊ လာအို၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ထိစပ်လျက်ရှိကြသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်တွင် ကြုံတွေ့နေရသည့် တရားမဝင် ဝင်ရောက်လာသူများနှင့်အတူ ပူးကပ်ဝင်ရောက်လာသည့် အကြမ်းဖက်သမားများ၏ အန္တရာယ်အတွက် မြန်မာလူမျိုးတိုင်းက စိုးရိမ်ကြောင့်ကြ ပူပန်နေကြသည်မှာ သဘာဝကျလှသည်။ ဖြစ်နိုင်မည်ဆိုလျှင် အာရှဒေသအပါအဝင် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့် အကြမ်းဖက်မှု ပြဿနာများအတွက် မြန်မာတို့အပေါ် စာနာနားလည်ပေးသင့်သည်ဟုသာ ဖွင့်ဟလိုက်ချင်သည်။ ။

ကိုးကား- ကျော်ဝင်း၊ ထောင်စုသစ်အိုင်ဒီယာများ

# ရေစကြိုမြို့တွင် ရေတွင်းထဲကျနေသူအား မီးသတ်တပ်ဖွဲ့က ကယ်ဆယ်

**ရေစကြို မေ ၂၃**

ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၂)ရပ်ကွက် ရန်ကင်းရပ်၌ ပေ ၃၀ ခန့်အနက်ရှိ ရေတွင်းတစ်ခုအတွင်း ကျနေသူတစ်ဦးအား မေ ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်နှင့်အဖွဲ့က အချိန်မီ ကူညီကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၂)ရပ်ကွက် ရန်ကင်းရပ်မှ ဦးအောင်အောင်-ဒေါ်သန္တာ နေအိမ်ဝင်းအတွင်းမှ ရေတွင်းထဲသို့ မျက်နှာချင်းဆိုင်အိမ်တွင် နေထိုင်သူ ကိုစိုးကို(၃၁ နှစ်) ကျနေသည်ကို သိရသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ပေးခဲ့ရခြင်းဖြစ်သည်။

"ရေတွင်းထဲမှာ လူတစ်ယောက်ကျနေတယ်လို့ ဖုန်းဆက်လို့ သွားကယ်တာပါ။ အရက်သောက်များပြီးတော့ ရေတွင်းထဲ ဆင်းသွားပုံရတယ်၊ သူများ အိမ်ဝိုင်းထဲက ရေတွင်းထဲကို ဆင်းတာ၊ အိမ်ပိုင်ရှင်က မနက် ၂ နာရီလောက်ကျတော့ ရေတွင်းထဲက အော်တဲ့အသံကြားတော့ လိုက်ရှာကြတယ်၊ ဒါပေမယ့် မနက် ၂ နာရီခွဲ၊ ၃ နာရီလောက်ကျမှ အိမ်ရှင်တွေက ရေတွင်းထဲကျနေမှန်း သိကြတာ၊ ပထမတော့ သူတို့နည်းသူတို့ဟန်နဲ့ ဆယ်ကြတယ်၊ ရေတွင်းထဲကျနေတဲ့သူကတော့ ရေထဲနစ်လိုက် ပြန်ပေါ်လိုက်နဲ့၊ ရေတွင်းထဲမှာ မော်တာပိုက်ရှိတော့ အဲဒီ မော်တာပိုက်ကို ကိုင်ထားတာ၊ ကျွန်တော်တို့ကို ဖုန်းဆက်ခေါ်တော့ မနက် ၅ နာရီရှိနေပြီ"ဟု မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်က ပြောသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါ ရေတွင်းထဲကျနေသူအား ရေတွင်းနှုတ်ခမ်းနှင့် ရေမျက်နှာပြင်ကြား အနက် ပေ ၂၆ ပေခန့်ရှိ၍ ရေအနက် ရှစ်ပေခန့်ရှိသော ရေတွင်းထဲမှ ခက်ခက်ခဲခဲ ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# မြန်မာဘောလုံးအကယ်ဒမီများမှ ဂျပန်နည်းပြများအား မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ခန့်အပ်ထားသည့် ဘောလုံးအကယ်ဒမီများမှ ဂျပန်နည်းပြများအား မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက MFF ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama ၊ ဂျပန်ဘောလုံးအဖွဲ့ချုပ် နိုင်ငံတကာ ဆက်ဆံရေးဌာန လက်ထောက်ဒါရိုက်တာ Mr .Takashi Matsunaga နှင့် ဂျပန်ဖောင်ဒေးရှင်း ဒါရိုက်တာ Mr. Koji Sato တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama ၊ ဂျပန်ဘောလုံးအဖွဲ့ချုပ် နိုင်ငံတကာဆက်ဆံရေးဌာန လက်ထောက်ဒါရိုက်တာ Mr. Takashi Matsunaga နှင့် ဂျပန်ဖောင်ဒေးရှင်း ဒါရိုက်တာ Mr. Koji Sato တို့အား မြန်မာအသင်း ဂျာစီနှင့် လက်ဆောင်များပေးအပ်ပြီး ဦးဇော်ဇော်ကိုလည်း အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂျပန်နိုင်ငံ သံအမတ်ကြီး၊ ဂျပန်ဘောလုံးအဖွဲ့ချုပ် နိုင်ငံတကာ ဆက်ဆံရေးဌာန လက်ထောက်ဒါရိုက်တာနှင့် ဂျပန်ဖောင်ဒေးရှင်း ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ အကယ်ဒမီများတွင် တက်ရောက်သင်ကြားနေသည့် လူငယ်ကစားသမားများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစာရှင်းလင်း**

မိတ်ဆက်ပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ မြန်မာဘောလုံးအကယ်ဒမီများတွင် ခန့်အပ်ထားသည့် ဂျပန်နည်းပြများ တက်ရောက်ကာ မီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားများအတွက် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အကယ်ဒမီများအတွက် ဂျပန်နည်းပြသုံးဦး ခန့်အပ်ထားပြီး မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ကိုဂိ၊ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)တွင် အီကီရာ၊ မြန်မာဘောလုံး အကယ်ဒမီ (ပုသိမ်)တွင် ယိုရှီဒါတို့ကို ခန့်အပ်ထားသည်။

**ကောင်းမွန်တဲ့ဆက်ဆံရေး**

ဂျပန်နည်းပြများ မိတ်ဆက်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ၂၀၀၅ ခုနှစ်ကစပြီး ဂျပန်နိုင်ငံနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတွေရှိခဲ့ပါတယ်၊ ဂျပန်ဘောလုံးအဖွဲ့ချုပ်ဟာ မြန်မာ့ဘောလုံး တိုးတက်ဖို့ ပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးခဲ့သလို မြန်မာ့လက်ရွေးစင်နဲ့ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းတွေ သွားရောက်လေ့ကျင့်ရာမှာလည်း အများကြီး ကူညီပေးခဲ့ပါတယ်၊ အခုဆိုရင် မြန်မာနိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ အကယ်ဒမီတွေအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်၊ ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ဂျပန်နည်းပြတွေ ခန့်အပ်နိုင်ခဲ့ပါတယ်၊ ဘောလုံးအားကစား တိုးတက်ရေးမှာ လူငယ်မျိုးဆက်သစ်တွေ ရှာဖွေပြီး လေ့ကျင့်ပျိုးထောင်ပေးနိုင်မှ တဖြည်းဖြည်း တိုးတက်လာမှာ ဖြစ်တဲ့အတွက် စနစ်တကျလုပ်ဆောင်နေတာ ဖြစ်ပါတယ်၊ အခုလို ပံ့ပိုးကူညီပေးတဲ့ ဂျပန်ဘောလုံးအဖွဲ့ချုပ်နဲ့ ဂျပန်ဖောင်ဒေးရှင်းကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## ပညာရေးဝန်ကြီးဌာန "၂၀၁၈-၂၀၁၉ ပညာသင်နှစ်" အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade -1 ) သို့ အပ်နှံရန်။

**ပညာရေးဝန်ကြီးဌာန**

## ပညာရေးဝန်ကြီးဌာန "၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်" ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး၊ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်းမပြုရ။
- ❖ အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ အသက် ၅ နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင် လည်းကောင်း ၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1)တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ - ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ် ၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ - ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education) ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး၊ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း ၊အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း ခေတ္တတိမ်းရှောင်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၇၀၃ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နမ္မတူမြို့ရှိ ကယ်ဆယ်ရေးစခန်းများဖြစ်သော ကြူဆော့(**ယာပုံ**)၊ လီဆူနှင့်ကချင်နှစ်ခြင်းဘုရားရှိခိုးကျောင်းတို့၌ ကျင်းပသည်။



အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး)မှ ဒေသကြီးကြပ်ရေးမှူး ဦးမောင်မောင်နိုင်၊ နမ္မတူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နမ္မတူမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဆင့်၊ ရပ်မိရပ်ဖများနှင့် ခေတ္တတိမ်းရှောင်တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၁၂၅၁၃၉၄၇ တန်ဖိုးရှိ ဆန် ၃၄၇ အိတ်၊ ဆီ ပိဿာ ၁၀၉၀၊ ပဲ ၁၀၉ ပိဿာ၊ ဆား ၁၆၃ ပိဿာတို့ကို ဒေသကြီးကြပ်ရေးမှူး ဦးမောင်မောင်နိုင်က ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

**နောက်တန်း -** ဇော်မင်းထွန်း၊ မင်းကျော်ခန့်(ရန်ကုန်)၊ ထိုက်ထိုက်အောင်၊ ဒေးဗစ်ဒန်း(ရှမ်း)၊ သိန်းသန်းဝင်း၊ ရဲရင့်အောင် (ရတနာပုံ)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း -**လှိုင်းဘိုဘို၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ စည်သူအောင်(ရတနာပုံ)၊ မောင်မောင်စိုး(မကွေး)၊ မောင်မောင်လွင်၊ ကျော်ဇင်ဦး (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်း)၊ **ရှေ့တန်း -**အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ် (ရှမ်း)၊ အောင်မြင့်ထွန်း (မကွေး) တို့ ပါဝင်ကြသည်။ တိုက်စစ်မှူး ဇင်မင်းထွန်းနှင့် ကွင်းလယ်ကစားသမား ဝေယံဦးသည် လေ့ကျင့်ရေးကွင်း၌ရရှိခဲ့သည့် ဒဏ်ရာကြောင့် လူစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၄ ရက် နံနက် ၁ နာရီတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ နန်ကျင်းမြို့သို့ ထွက်ခွာသွားပြီဖြစ်သည်။

တရုတ်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၅ မိနစ်တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် နောက်ပိုင်း တရုတ်နိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

❖ *ကျောဖုံးမှ*

အမျိုးသမီး စနူကာပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ် ကာတာနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် နိုင်ငံပေါင်းစုံမှ အားကစားသမား ၁၈၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး နိုင်ငံပေါင်း ၃၇ နိုင်ငံ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင် အိမ်ရှင်မြန်မာနိုင်ငံက ယခင်နှစ်ထက် နိုင်ငံပေါင်းစုံမှ အားကစားသမားများ၊ ကမ္ဘာ့နိုင်ငံများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။ ယင်းပြိုင်ပွဲအတွက် မြန်မာဘိလိယက်နှင့် စနူကာ ကစားသမားများသည် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘိလိယက်နှင့် စနူကာလေ့ကျင့်ရေးအားကစားရုံ၌ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ကာတာနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဘိလိယက် ကစားသမား နေသွေးဦးက တတိယ(ကြေး)တံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၂၄ -၅-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၅၂)**
၈:၄၅ - **မြန်မာပြည်က နေ့ရက်များကို စူးစမ်းလေ့လာခြင်း**
၁၀:၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၁:၃၅ - ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ **လူနှင့်စိတ်**
၁၂:၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၂၃)
၁၃:၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှု အစီအစဉ် (Level-II) (ပွဲစဉ်-၂) (မန္တလေးမြို့) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆:၃၅ - **၂၀၁၉ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ** (သမိုင်းဘာသာရပ်)
၁၇:၁၀ - NHK အစီအစဉ် **Mathematica** (ကုဗတုံးများမှ)
၁၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈:၃၅ - **မျက်မှောက်ရေးရာ အဖြာဖြာ**
၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၂၄) မင်းဦး၊ ဖိုးသောကြာ၊ ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ-အောင်ဩဘာ)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - **မြောင်းမြမြို့ဟောင်းဆီသို့**
- America's Got Talent
- (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **မမျှော်လင့်သော ဖိတ်ခေါ်သံ**
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ မေဝင်းမောင်)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ ငွေလိမ်လည်တောင်းခံမှု မခံရစေရေးအသိပေး

**နေပြည်တော် မေ ၂၃**

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းအတွက် ငွေရရှိမည်ဟု ပြောဆိုပြီး လိမ်လည်မှုဖြစ်ပေါ်နေကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ ဦးထွန်းထွန်းဦးဆိုသူက ၎င်းသည် နေပြည်တော် ရုံးအမှတ် (၂၅၄) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြစိမ်းရောင် ဦးစီးဌာန၏ ဗဟိုဉက္ကဋ္ဌဟု လိမ်လည်ပြောကြားခဲ့ပြီး မြစိမ်းရောင်စီမံကိန်းရရှိရန် အာမခံကြေးအဖြစ် ငွေကျပ်ခြောက်သိန်းကို Wave Money မှ တစ်ဆင့် ၎င်းထံသို့ ငွေလွှဲပို့ပေးရန်နှင့် ၎င်းငွေရရှိပါက မြစိမ်းရောင်စီမံကိန်းအတွက် ငွေကျပ်သိန်း ၂၀၀ အား ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဖုန်းနံပါတ် - ၀၉ ၄၀ ၂၉-၅၆၈၉၉၊ ၀၉၄၀ ၂၉၅၆၉၀၅၊ ၀၉၇၈၆ ၂၆-၃၉၈၃ တို့ဖြင့် ဘိုကလေးမြို့နယ် ကိုင်းတောကျေးရွာသားတစ်ဦးထံသို့ မေ ၅ ရက်တွင်လည်းကောင်း၊ စက်ဆန်းကျေးရွာသားတစ်ဦးထံသို့ မေ ၈ ရက်တွင်လည်းကောင်း၊ တမူးမြို့နယ် ခါမ်းပါတ် အမှတ် ၅ ရပ်ကွက်နေသူတစ်ဦးထံသို့ မေ ၁၅ ရက်တွင်လည်းကောင်း ဖုန်းဆက်ပြီး ငွေလိမ်လည်တောင်းခံမှုများ ပြုလုပ်ခဲ့သဖြင့် မြစိမ်းရောင်စီမံကိန်းနှင့်စပ်လျဉ်း၍ ကျေးလက်နေပြည်သူများ ငွေလိမ် လည်တောင်းခံမှု မခံရစေရေး အသိပေးခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ရဲစခန်းများ၌ အမှုဖွင့်လှစ်၍အရေးယူရန် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် အလားတူစီမံကိန်းနှင့် မသက်ဆိုင်သူတစ်ဦးဦးမှ မြစိမ်းရောင်စီမံကိန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ပြောကြားလာပါက သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်အကြောင်းကြား ဆောင်ရွက်သွားရန် အသိပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



ကျော်မင်းထွန်း၊ ဝတုတ်နှင့်သက်သေခံပစ္စည်းများ

# ကမာရွတ်မြို့နယ်တွင် စိန်၊ ရွှေ ၊ လက်ဝတ်ရတနာမျိုးစုံနှင့် စုစုပေါင်းငွေကျပ် ၁၇၈၂ သိန်းကျော် ခိုးယူသူများကို ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ် ၁၀ ရပ်ကွက် သံလွင်လမ်းရှိ နေအိမ်အတွင်းမှ စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံနှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၈၂ သိန်းကျော် ခိုးယူသူများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ကမာရွတ်မြို့နယ် အမှတ် ၁၀ ရပ်ကွက် သံလွင်လမ်းနေ ကို ------ ၏ နေအိမ်၌ မေ ၂ ရက် နံနက် ၁၀ နာရီခန့်က နေအိမ်အပေါ်ထပ် ဗီရိုအတွင်းထားရှိသော စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံ၊ မြန်မာငွေနှင့် နိုင်ငံခြားငွေ စုစုပေါင်းငွေကျပ် ၁၇၈၂၅၀၀၀၀ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

**ဖမ်းဆီးရမိ**

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲတပ်ဖွဲ့ဝင်များက သတင်းစုံစမ်းဆက်စပ်ဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ကျော်စွာထွန်း ( ခ ) ကျော်လင်းထွန်း ( ခ ) ကျော်မင်းထွန်း ဆိုသူဖြစ်နိုင်ကြောင်း မသင်္ကာသဖြင့် စုံစမ်းခဲ့ရာ မေ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန် - မန္တလေးကားလမ်းပေါ်၌ ကျော်စွာထွန်း ( ခ ) ကျော်လင်းထွန်း ( ခ ) ကျော်မင်းထွန်း (၃၇ နှစ် ) အား မစ်ဆူဘီရှီအမျိုးအစား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်ဆေးဖော်ထုတ်ချက်အရ ၁-၅-၂၀၁၈ ရက် ည ၁၁ နာရီက ကမာရွတ်မြို့နယ်ရှိ အခင်းဖြစ်နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဗီရိုအတွင်းရှိ စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံနှင့်ငွေများကို ယူဆောင်ကာ မိတ္ထီလာမြို့နယ်သို့ အငှားယာဉ်ဖြင့် ပြန်လာခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ၎င်းနှင့် ခင်မင်ရင်းနှီးသူ ဝတုတ် ( ခ ) သောင်းတန် (၃၉ နှစ်) အား ၎င်းခိုးယူရရှိလာသော နိုင်ငံခြားငွေများနှင့် လက်ကောက်နှစ်ကွင်းတို့ကို ပေါင်နှံခိုင်းပြီး ရရှိသောငွေဖြင့် မစ်ဆူဘီရှီမော်တော်ယာဉ်အား ငွေကျပ် ၇၅ သိန်းဖြင့်လည်းကောင်း၊ ဆိုင်ကယ်တစ်စီးအား ငွေကျပ်ရှစ်သိန်းဖြင့်လည်းကောင်း ဝယ်ယူခဲ့ကြောင်း၊ ဆိုင်ကယ်မှာ အခိုးခံခဲ့ရပြီး လက်ဝတ်ရတနာများကို ရောင်းချခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

**ထိရောက်ပြစ်ဒဏ်ရရှိရေး**

စစ်ဆေးဖော်ထုတ်ချက်အရ ခိုးယူခံရသည့် ပစ္စည်းနှင့်ငွေများကို ရောင်းချခဲ့သည့် ရွှေဆိုင်၊ အပေါင်ဆိုင်များမှ ပြန်လည်သိမ်းဆည်းခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၀၄ သိန်းကျော်ဖိုး ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး ကျန်ရှိသည့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ခိုးမှုကျူးလွန်သူ ကျော်စွာထွန်း (ခ) ကျော်လင်းထွန်း (ခ) ကျော်မင်းထွန်းသည် ၂၀၀၈ ခုနှစ်အတွင်းက မရမ်းကုန်းမြို့နယ်အတွင်း ဖောက်ထွင်းမှုကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ်ခုနှစ်နှစ်ကျခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သဃ်န်းကျွန်းမြို့နယ်အတွင်း ခိုးမှုဖြင့် ထောင်ဒဏ်လေးနှစ်ကျခဲ့ကြောင်း သိရှိရသဖြင့် ပြစ်ချက်ဟောင်းရှိ ခိုးမှု ကျူးလွန်သူ ကျော်စွာထွန်း ( ခ ) ကျော်လင်းထွန်း ( ခ) ကျော်မင်းထွန်း နှင့် ဝတုတ် ( ခ ) သောင်းတန်တို့အား ဥပဒေနှင့်အညီ ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သက်ငယ်မိန်းကလေးကို အဓမ္မပြုပြီး လက်ဝတ်လက်စားနှင့် ဖုန်းယူဆောင်သူအား အလုပ်နှင့်ထောင်ဒဏ် နှစ် ၃၀ ချ

မန္တလေး မေ ၂၃

**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ အသက်ငယ်ရွယ်သူမိန်းကလေးအား အလိုမတူအဓမ္မကျူးလွန်ခဲ့သူအား ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သိရသည်။**

အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်နေ ဦးလှမျိုးမြတ်၏သမီးဖြစ်သူ မ....... အသက် ၁၅ နှစ်အရွယ်သည် ၂၃-၁၀-၂၀၁၇ ရက်နေ့ ညနေ ၅ နာရီခွဲခန့်တွင် ရောက်ရှိလာပြီး "ပွဲတိုင်းကျော်" ဇာတ်ပွဲတွင် လူရွှင်တော်အဖြစ်လုပ်ကိုင်သော ဘဲလေး (ခ)ဇော်မင်းထွန်းက ညနေ ၃ နာရီ ၄၅မိနစ်ခန့်က ဖုန်းဆက်၍ တွေ့ဆုံရန်ပြောဆိုသွားသဖြင့် သွားခဲ့ပြီး ကျော်အောင်စံထားဘုရားအတွင်း ဆောက်လက်စအဆောက်အအုံအောက်တွင် တွေ့ဆုံခဲ့ကြောင်း၊ ထို့နောက် ၎င်းက ကျောင်းပေါ်သို့လိုက်ခဲ့ရန် ခေါ်ဆောင်ကာ အလိုမတူဘဲအဓမ္မပြုကျင့်ပြီး လည်ပင်းအားလက်ဖြင့် ညစ်ခဲ့သဖြင့် သတိလစ်သွားကြောင်း၊ သတိပြန်လည်ရရှိချိန်တွင် ဝတ်ဆင်ထားသည့် အသည်းပုံလက်စွပ်မောင်းကွင်းတစ်ကွင်းနှင့် ဟွာဝေး လက်ကိုင်ဖုန်း တစ်လုံးတို့ ပျောက်ဆုံးခဲ့သဖြင့် အမရပူရမြို့နယ်ရဲစခန်းသို့ အမှုဖွင့်တန်တိုင်းခဲ့သည်။

အဆိုပါရဲစခန်းက ယင်းအမှုအား မန္တလေးခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် -၃၀၇/ ၂၀၁၇ဖြင့် လက်ခံ စစ်ဆေးခဲ့ပြီး တရားခံဘဲလေး(ခ) ဇော်မင်းထွန်းသည် ရာဇဝတ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် ရာဇသတ်ကြီးပုဒ်မ-၃၇၆ အရအလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ကျခံရန်၊ ရာဇဝတ်ကြီးပုဒ်မ-၃၉၄အရအလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံရန် ပြစ်ဒဏ်များကို သီးခြားစီကျခံစေဟု ၂၀၁၈ ခုနှစ် မေ ၂၁ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တောင်ဥက္ကလာပတွင် အလှပြင်ဆိုင် အမည်ခံ၍ ရေချိုးခန်း၊ အနှိပ်ခန်းနှင့် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် ၈ ရပ်ကွက် ဝေဇယန္တာလမ်းတွင် ဖွင့်လှစ်ထားသည့် Oriental Spa အမည်ဖြင့် အလှပြင်ဆိုင် အမည်ခံ၍ ရေချိုးခန်း၊ အနှိပ်ခန်းနှင့် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

မေ ၂၂ ရက် နံနက် ၀၀း၄၀ တွင် တောင်ဥက္ကလာပမြို့နယ် ၈ ရပ်ကွက် ဝေဇယန္တာလမ်းတွင် ဖွင့်လှစ်ထားသည့် Oriental Spa အမည်ဖြင့် အလှပြင်ဆိုင် အမည်ခံ၍ ရေချိုးခန်း၊ အနှိပ်ခန်းနှင့် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်စစ်ဆေးရာ အခန်းအမှတ် ၈၃၀၆ တွင် တရုတ်နိုင်ငံ ကွမ်းတုံမြို့ စမ်းကျားကျေးရွာနေ မလီထင် (၂၂ နှစ်) အား အမျိုးသားတစ်ဦးနှင့် ပြည့်တန်ဆာကိစ္စအလို့ငှာ ပျော်းပါးနေကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ ဆိုင်အတွင်းရှိ အခန်းများအား စစ်ဆေးရှာဖွေခဲ့ရာ မှန်အကြည်များကာရံထားသော ရေချိုးခန်းများနှင့် အခန်းအမှတ် ၈၂၀၆ မှ ၈၃၁၉ အထိ အခန်း (၁၈) ခန်းအတွင်းတွင် တရားမဝင် အနှိပ်ခန်းနှင့် ပြည့်တန်ဆာ လုပ်ငန်းတွင် အသုံးပြုသော အသုံးဆောင်များတွေ့ရှိပြီး ပြည့်တန်ဆာကိစ္စအလို့ငှာလုပ်ကိုင်ရန် စောင့်ဆိုင်းနေသော တရုတ်နိုင်ငံသူများဖြစ်သည့် မထောင်းလျန် (၁၈ နှစ်) ပါ ၁၆ ဦးတို့အား တွေ့ရှိခဲ့သည်။

အဆိုပါဆိုင်တွင် ပြည့်တန်ဆာလုပ်ငန်းအား စီမံကြီးကြပ်သူ ဆိုင်မန်နေဂျာ တရုတ်နိုင်ငံသား ဖုန်းအန်သင်း (၃၉ နှစ်) နှင့် ဆိုင်ဝန်ထမ်း ၁၀ ဦးတို့အား လုပ်ငန်းလုပ်ကိုင်ရာမှ ရရှိသည့်ငွေကျပ် ၃၄၅၂၃၀၅၀၊ အမေရိကန်ဒေါ်လာ ၆၄၆၉ ဒေါ်လာ၊ တရုတ်ယွမ် ၁၁၇၀၀ ယွမ်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖုန်းအန်သင်းပါ ၁၁ ဦးနှင့် ပြည့်တန်ဆာလုပ်ကိုင်သည့် တရုတ်နိုင်ငံသူ မလီထင်ပါ ၁၇ ဦးတို့ကို ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူများ၊ စီမံကြီးကြပ်သူများနှင့်သိမ်းဆည်းရမိသည့် သက်သေခံငွေများ

# သီပေါ၌ လူ သုံးဦး ခွေးရူးကိုက်ခံရ

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့တွင် မေ ၂၁ ရက်က အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ခွေးရူးကိုက်ခံရသဖြင့် လမ်းသွားလမ်းလာများ သတိထားသွားနေရသည်။

ကျောင်းဖွင့်ချိန် နီးကပ်လာပြီဖြစ်သဖြင့် ကျောင်းသားမိဘများက မိမိတို့ ကလေးများ ခွေးရူးကိုက်ခံရမည်ကို စိုးရိမ်နေကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံမှုကို ဒေါ်နယ်ထရန့် ရွှေ့ဆိုင်းသွားဖွယ်ရှိ

**ဝါရှင်တန် မေ ၂၃**

အမေရိကန်နိုင်ငံ သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့်တွေ့ဆုံဆွေးနွေးမှုကို ရွှေ့ဆိုင်းသွားဖွယ်ရှိကြောင်း မကြာသေးမီက အိမ်ဖြူတော်က ပြောကြားခဲ့သည်။

အိမ်ဖြူတော်သို့ အလည်အပတ်ခရီးစဉ်ရောက်ရှိနေသည့် တောင်ကိုရီးယားနိုင်ငံသမ္မတ မွန်ဂျယ်အင်းနှင့်တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပရာတွင် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်နှင့် တွေ့ဆုံပွဲအား သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ခဲ့ခြင်းမရှိပါက ရွှေ့ဆိုင်းဖွယ်ရာရှိကြောင်း၊ လက်ရှိအချိန်တွင်လည်း ညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်း ပြောခဲ့သည်။



အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဇွန်လ ၁၂ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ တွေ့ဆုံမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားကို ဦးစွာစွန့်လွှတ်ပြီးနောက်မှ ပြန်လည်ကူညီထောက်ပံ့မှုပေးသည့် "လစ်ဗျားနျူကလီးယား စွန့်လွှတ်မှုပုံစံ"ကို ဖော်ဆောင်နေခြင်းသည် တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ပြဿနာကို ဖြေရှင်းသွားလိုခြင်းမဟုတ်ဘဲ မြောက်ကိုရီးယားနိုင်ငံအား လစ်ဗျားနှင့် အီရတ်တို့ကဲ့သို့ မိမိနိုင်ငံ၏ ကံကြမ္မာကို အခြားနိုင်ငံသို့ ပုံအပ်စေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား တစ်ဖက်သတ်နျူကလီးယားစွန့်လွှတ်ရန် ဖိအားပေးဆောင်ရွက်ပါက မြောက်ကိုရီးယားနိုင်ငံက တွေ့ဆုံပွဲကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

# အီသီယိုပီးယားအရှေ့ပိုင်းရေလွှမ်းမိုးမှု လူနှစ်သိန်းနီးပါး အိုးအိမ်ပျောက်ကွယ်

**အဒစ်ဘာဘာ မေ ၂၃**

အီသီယိုပီးယားအရှေ့ပိုင်း ဆိုမာလီ၌ ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၁၈၀၀၀၀ ခန့် နေအိမ်ပျောက်ကွယ်ခဲ့ကြောင်း ကုလသမဂ္ဂကဗုဒ္ဓဟူးနေ့ကပြောကြားခဲ့သည်။

သတင်းထုတ်ပြန်ချက်၌ လူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်ရေး ကုလသမဂ္ဂရုံး UNOCHA က အိုးအိမ်ပျောက်ကွယ်မှုများသည် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဆာဂါနှင့် ပြီးခဲ့သည့်ရက်သတ္တပတ်နှစ်ပတ်ကျော်က ရှာဘယ်လီမြစ်ရေကြီးမှုများစုပေါင်းကာ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုသည် အိုးအိမ်ပျောက်ကွယ်ခဲ့သူများအနက် အသက်ငါးနှစ်အောက် ကလေးငယ်များအတွင်း အာဟာရချို့တဲ့မှုနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများကို တိုးပွားလာစေခဲ့ကြောင်း UNOCHA က ပြောကြားခဲ့သည်။

ဆိုမာလီယာမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် အပူပိုင်းဆိုင်ကလုန်း မုန်တိုင်း ဆာဂါဝင်ရောက်မှုဖြစ်ပွားခဲ့ပြီးနောက် လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း တနင်္လာနေ့တွင် ကုလသမဂ္ဂက ပြောကြားခဲ့သည်။

အပူပိုင်းမုန်တိုင်း ဆာဂါသည် တနင်္ဂနွေနေ့က အီသီယိုပီးယား၌ မြေပြိုမှုများကို ဖြစ်ပွားစေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယီမင်သူပုန်များအား ကူညီနေသည့် အီရန်နိုင်ငံသားငါးဦးကို အမေရိကန်ပစ်မှတ်ထား

**ဝါရှင်တန် မေ ၂၃**

အမေရိကန်အစိုးရသည် ယီမင်ရှိ အစိုးရဆန့်ကျင်သည့် အင်အားစုများအား အကူအညီပေးနေသည့် အီရန်နိုင်ငံသားများအပေါ်တွင် လောလောလတ်လတ်ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့မှုကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**အရေးယူပိတ်ဆို့မှုများလုပ်ဆောင်**

ယီမင်ရှိ ဟူသီသူပုန်များသို့ တိုက်ချင်းပစ်ဒုံးကျည်နှင့် ဆက်စပ်နည်းပညာများ ထောက်ပံ့ပေးခဲ့သည့် လက်ရွေးစင်တော်လှန်ရေးအစောင့်တပ်ဖွဲ့နှင့် အဆက်အသွယ်ရှိနေသည့် အီရန်နိုင်ငံသားငါးဦးကို ပစ်မှတ်ထားကာ အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

**ပြည်တွင်းပဋိပက္ခများ**

ယီမင်သည် ဆော်ဒီအာရေဗျကျောထောက်နောက်ခံပေးထားသည့် အစိုးရအင်အားစုများနှင့် အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟူသီစစ်သွေးကြွများအကြား ဖြစ်ပွားသည့် ပြည်တွင်းပဋိပက္ခများအတွင်း ကြားညှပ်လျက်ရှိသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးစတီဗင်မြူချင်က ၎င်း၏နိုင်ငံသည် အမေရိကန်၏ နီးကပ်သော မဟာမိတ်ဖြစ်သည့် ဆော်ဒီအာရေဗျကို တိုက်ခိုက်နေသည့် ဟူသီသူပုန်များအား အီရန်ထောက်ပံ့အားပေးနေမှုကို အသာတကြည် ခွင့်ပြုနေလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူရကီနိုင်ငံက ဗင်နီဇွဲလားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လို

**အန်ကာရာ မေ ၂၃**

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ရှုတ်ချမှုများ အုတ်အော်သောင်းတင်းပြုလုပ်ပြီးနောက် တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး နောက်ထပ်သမ္မတသစ် သက်တမ်းအတွက် တာဝန်ထမ်းဆောင်တော့မည့် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။



အမေရိကန်ပြည်ထောင်စုက ရှက်ဖွယ်ကောင်းသော ရွေးကောက်ပွဲဟု ကြေညာခဲ့သော်လည်း အာဒိုဂန်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်အတူ မာဒူရိုကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်နေ့ ညပိုင်းတွင် အာဒိုဂန်က မာဒူရိုထံသို့ ဖုန်းဆက်ခဲ့ကြောင်း တူရကီသမ္မတရုံး သတင်းရင်းမြစ်ကို ကိုးကားကာ နိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက ကြေညာခဲ့သည်။

ဇွန် ၂၄ ရက်တွင် ပြည်တွင်းရွေးကောက်ပွဲနှင့် ကြုံတွေ့ရဦးမည့် အာဒိုဂန်က ၎င်းအနေဖြင့် ဗင်နီဇွဲလားနိုင်ငံနှင့် ကဏ္ဍပေါင်းစုံတွင် အတူပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ပြောခဲ့သည်။

မာဒူရိုအနေဖြင့် ရွေးကောက်ပွဲတွင် ၆၈ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံကို ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများ တင်းကျပ်စွာချမှတ်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဒမတ်စကတ်တောင်ပိုင်း၌ အရေးမနိမ့်မီ အိုင်အက်စ်စစ်သွေးကြွများက အသေခံဗုံးခွဲမှုများပြုလုပ်ခဲ့

**ဒမတ်စကတ် မေ ၂၃**

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်တောင်ပိုင်းရှိ ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေများ လွတ်မြောက်ရန်အတွက် ဆီးရီးယားတပ်မတော်က နောက်ဆုံးအဆင့် တိုက်ပွဲများဆင်နွှဲခဲ့ရာတွင် အသေခံဗုံးခွဲမှုများကို လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

ဟာဂျယ်အယ်လ်အာဆွက်နှင့် အနီးအနားရှိ ရာမောက်စခန်းတို့တွင်သာမက အနီးအနားဝန်းကျင်ရှိ ဒေသများမှာ ဒမတ်စကတ်တောင်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့်ဧရိယာများဖြစ်ရာ ယင်းနေရာများတွင် တိုက်ပွဲများအကြီးအကျယ်ဖြစ်ပွားခဲ့သည်။

စစ်သွေးကြွများသည် ၂၀၁၃ခုနှစ်က အယ်လ်အာဆွက်သို့ ဝင်ရောက်လာခဲ့ကြပြီး ဟာဂျာအယ်လ်အာဆွက်နှင့် ရာမောက်စခန်းတို့မှ စစ်သွေးကြွများကို အမြစ်ပြုတ်နှိမ်နင်းရန် ဆုံးဖြတ်လိုက်သည့် ၂၀၁၈ခုနှစ်အထိ ယင်းနေရာတွင်ဆက်လက်ကျန်ရှိနေခဲ့ကြကြောင်း ဆီးရီးယားတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ပြောကြားခဲ့သည်။

အိုင်အက်စ်တို့အားတိုက်ခိုက်နှိမ်နင်းသည့် စစ်ဆင်ရေးကို ယခုလအစောပိုင်းလောက်တွင် ဒမတ်စကတ်တောင်ပိုင်း၌ အလျင်အမြန်တိုးချဲ့ခဲ့ကြောင်း၊ သို့သော်လည်း လက်နက်ထောက်ပံ့မှုများဆုံးရှုံးပြီးနောက် အိုင်အက်စ်စစ်သွေးကြွများက အသေခံ ဗုံးခွဲမှုများကို လုပ်ဆောင်ခဲ့သည့်အတွက် စစ်ဆင်ရေးနောက်ဆုံး အဆင့်တွင် အရှိန်အဟုန်လျော့ကျခဲ့ကြောင်း အမည်မဖော် လိုသူ ယင်းတပ်ဖွဲ့ဝင်က ပြောကြားခဲ့သည်။

နောက်ဆုံးတွင် ဆီးရီးယားတပ်မတော်သည် အဆိုပါဧရိယာများကို အကြမ်းဖက်အုပ်စုများ လက်အောက်မှ လွတ်မြောက်အောင် လုပ်နိုင်ခဲ့ပြီး ဆီးရီးယားအလံကိုလွှင့်ထူနိုင်ခဲ့သည်ဟု ၎င်းကပြောသည်။

ဆီးရီးယားတပ်မတော်သည် တနင်္လာနေ့က မြို့တော်ဒမတ်စကတ်မှာ ဘေးကင်းလုံခြုံသွားပြီဖြစ်ကြောင်းနှင့် သူပုန်ကင်းစင်သွားပြီဖြစ်ပြီး မြို့တော်အနေဖြင့် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် ဘေးကင်းလုံခြုံမှုရရှိသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းအောင်မြင်မှုသည် ဆီးရီးယားတပ်မတော်နှင့် မဟာမိတ်တိုက်ခိုက်ရေးအုပ်စုများအတွက် ကြီးကျယ်ခမ်းနားသည့်အောင်ပွဲတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။



**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မီးတောင်ချော်ရည်များ ဟာဝိုင်ယီ ဓာတ်အားပေးစက်ရုံသို့ ဦးတည်စီးဆင်းလာ

**လော့စ်အိန်ဂျလိစ် မေ ၂၃**
တဖြည်းဖြည်း စီးဆင်းလာသော ချော်ရည်များသည် Kilauea မီးတောင်အနီးရှိ လျှပ်စစ်ဓာတ်အား ပေးစက်ရုံနှင့် နီးကပ်လာနေပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

သို့သော်လည်း ဟာဝိုင်ယီပြည်နယ်ရှိ ၃၈ မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အား ပေးစက်ရုံကို ထိခိုက်စေမည့် ရုတ်တရက် ခြိမ်းခြောက်နိုင်သည့် အနေအထား မတွေ့ရသေးကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

ပူနာဘူမိအပူစွမ်းအင် ကုမ္ပဏီ၏ လျှပ်စစ်ဓာတ်အားပေး စက်ရုံအနီးရှိ မီးတောင်မှ အက်ကွဲပေါက်ကွဲသံများ ကြားနေရပြီး ချော်ရည်များ တဖြည်းဖြည်းစီးဆင်းလျက်ရှိကာ ယင်းချော်ရည်များသည် ဟာဝိုင်ယီ ဘူမိအပူစွမ်းအင် စီမံကိန်းမြေနေရာဟောင်း အားလွှမ်းမိုးဖျက်ဆီးခဲ့ကြောင်း သိရသည်။ သက်ဆိုင်ရာ အာဏာပိုင်များက လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် စက်ရုံပေါက်ကွဲမည့်ဘေးမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် လောင်ကျွမ်းနိုင်သည့် ဓာတုပစ္စည်းများကို ကြိုတင်ပြောင်းရွှေ့မှုများ ပြုလုပ်ထားရုံသာမက အခြားကြိုတင်ကာကွယ်မှုများလည်း ပြုလုပ်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### အမေရိကန်စာပေသမိုင်းကို လွှမ်းမိုးခဲ့သော စာရေးဆရာ ဖီးလစ်ရော့သ်ကွယ်လွန်

**နယူးယောက် မေ ၂၃**
၂၀ ရာစုအလယ်ခန့်က အမေရိကန်စာပေသမိုင်းကို လွှမ်းမိုးခဲ့သော ကလောင်လက်စွမ်းထက် စာရေးဆရာ ဖီးလစ်ရော့သ်သည် အသက် ၈၅ နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မေ ၂၂ရက်က ရော့သ်သေဆုံးကြောင်း နယူးယော့ကာနှင့် နယူးယောက် တိုင်းမ်စ်တို့တွင် ပထမဆုံးဖော်ပြခဲ့ပြီး နောက်ပိုင်းရော့သ်၏ စာပေကိုယ်စားလှယ် အန်ဒရူးဝိုင်လီက ရော့သ်သေဆုံးကြောင်း အတည်ပြုခဲ့သည်။

ရော့သ်မှာ နှလုံးဖောက်၍ သေဆုံးခဲ့ခြင်းဖြစ် ကြောင်း ရော့သ်၏ စာပေကိုယ်စားလှယ် အန်ဒရူးဝိုင်လီက ပြောခဲ့သည်။ ရှသ်သည် ၁၉၉၈ ခုနှစ်တွင် American Pastoral ဝတ္ထုဖြင့် ပူလစ်ဇာဆုကို ရရှိခဲ့သည်။

မိမိသည် အံ့ဩမှင်တက်ပြီးစကားပြောဖို့ပင် ဆွံ့အသွားကြောင်း၊ ရှသ်သည် အမှန်တရားတွေကို တင်ဆက်သူ တစ်ဦးဖြစ်ကြောင်း ရှသ်၏ မိတ်ဆွေ စာရေးဆရာ ဂျူးဒစ်သာမန်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ရွေးကောက်ပွဲပြီးသော်လည်း အစိုးရဖွဲ့ဖို့ သောင်မတင်ရေမကျဖြစ်နေသော အီတလီ

**ချူးစန္ဒီနွေး**

**အီတလီနိုင်ငံဟာ ရွေးကောက်ပွဲကျင်းပပြီးတာ ကြာပြီဖြစ်ပေမယ့် အခုအချိန်ထိ ဝန်ကြီးချုပ်ကို မရွေးချယ်နိုင်သေးတဲ့အပြင် အစိုးရအဖွဲ့လည်း မဖွဲ့နိုင်သေးပါဘူး။ ရွေးကောက်ပွဲမှာ ဘယ်ပါတီကမှ အစိုးရဖွဲ့နိုင်လောက်တဲ့ထိ မဲမရခဲ့လို့ပါပဲ။ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ ကြိုးစားရာမှာလည်း ဆွေးနွေးပွဲတွေမှာ အဆင်မပြေပြန်ပါဘူး။ ဒါကြောင့် ဝန်ကြီးချုပ်ရွေးဖို့ အခက်တွေ့ပြီး ရွေးကောက်ပွဲအသစ်တစ်ခု ကျင်းပဖို့အထိတောင် သမ္မတက အကြံပေးခဲ့ပါတယ်။**



ဝန်ကြီးချုပ်ဖြစ်လာမည်ဟု ရေပန်းစားနေသော မစ္စတာကွန်တီ(ယာ)နှင့် ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီခေါင်းဆောင် Di Maio တို့ကို တွေ့ရစဉ်။

### သမ္မတရဲ့လုပ်ပိုင်ခွင့်

အီတလီဟာ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း စီးပွားရေးတောင့်တင်းမှုအပိုင်းမှာတော့ စတုတ္ထအကြီးဆုံးပဲဖြစ်တယ်။ အီတလီ ရွေးကောက်ပွဲမှာ မဲအများဆုံးရရှိထားတဲ့ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီက ပါတီခေါင်းဆောင်ဟာ ဝန်ကြီးချုပ်ရာထူးအတွက် လူသိနည်းတဲ့ ဥပဒေပါမောက္ခတစ်ဦးကို အမည်စာရင်း တင်သွင်းခဲ့ပါတယ်။

ဒီလူကိုပဲ ဝန်ကြီးချုပ်အဖြစ် လက်ခံပေးဖို့ သမ္မတထံ တောင်းဆိုခဲ့ကြပါတယ်။ သူတို့ အမည်စာရင်းတင်သွင်းခဲ့တဲ့ ဥပဒေပါမောက္ခရဲ့ အမည်ကတော့ ဂူဆက်ပီ ကွန်တီပဲဖြစ်တယ်။ အီတလီသမ္မတနဲ့ တွေ့ဆုံဆွေးနွေးမှုအပြီး ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီခေါင်းဆောင်က သတင်းထောက်တွေကို ပြောခဲ့တာပဲဖြစ်တယ်။ ပါတီတွေက ဝန်ကြီးချုပ်ရဲ့အမည်စာရင်းကို တင်သွင်းကြပေမယ့် တကယ်လို့များ သမ္မတက မကြိုက်ဘူးဆိုရင် ပယ်ချနိုင်တဲ့ အာဏာသူ့မှာ ရှိပါတယ်။ ဒါဟာ သမ္မတရဲ့လုပ်ပိုင်ခွင့်လည်းဖြစ်တယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး အခြေခံမရှိ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီခေါင်းဆောင် မစ္စတာ Di Maio က သူတို့ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်ထားတဲ့ မစ္စတာကွန်တီဟာ အီတလီနိုင်ငံရဲ့ ပြဿနာတွေနဲ့လည်း ရင်းနှီးမှုရှိပြီးသား လူတစ်ယောက်လို့ ဆိုပါတယ်။ အသက် ၅၄ နှစ်အရွယ် မစ္စတာကွန်တီဟာ ယခင်တုန်းက ရောမဥပဒေကုမ္ပဏီမှာ အလုပ်လုပ်ဖူးပြီး ဗာတီကန်က ရဟန်းတွေနဲ့လည်း အဆက်အသွယ်ရှိပါတယ်။ ဒါပေမယ့်လည်း မစ္စတာ ကွန်တီဟာ နိုင်ငံရေးနဲ့ ပတ်သက်ပြီး အခြေခံဘာမှ မရှိပါဘူး။

အစိုးရအဖွဲ့မှာ ပါဝင်ဆောင်ရွက်ဖူးတဲ့ အတွေ့အကြုံလည်း မရှိပါဘူး။ ဒီတော့ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီခေါင်းဆောင်တွေ သဘောတူထားတဲ့ အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်မယ့် အရည်အချင်းတွေတော့ ရှိပါတယ်။ အဲဒီအစီအစဉ်တွေကတော့ ရုရှားအပေါ် ပိတ်ဆို့ထားတဲ့ ပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့၊ လူဝင်မှုကြီးကြပ်ရေးကို ပိုမိုတင်းကျပ်ဖို့၊ ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့ ဘဏ္ဍာရေးစည်းမျဉ်းတွေ ပြန်လည်သုံးသပ်ဖို့ ဒါတွေပဲ ဖြစ်တယ်။

"ဝန်ကြီးချုပ်အဖြစ် အမည် တင်သွင်းခံရသူက ပြောရေးဆိုခွင့်ရှိသူအဖြစ် အဆင့်လျှော့ခံရတာ အီတလီသမိုင်းမှာဒါဟာ ပထမဦးဆုံးအကြိမ်ပဲ'' လို့ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အန်ဒရာ မာကူစီက ပြောပါတယ်။

**"အတိတ်ကာလတုန်းကတော့ လက်ဝဲယိမ်းပါတီတွေကို မဲပေးခဲ့တယ်လို့ ဆိုပါတယ်။ "အခုအခါမှာတော့ သူဟာ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီကိုပဲ ရွေးချယ်ခဲ့ပါတယ်၊ ဘာလို့လဲဆိုတော့ ၂၀ ရာစု အတွေးအမြင်တွေဟာ ခေတ်မမီတော့လို့ပါပဲ'' လို့ ကြယ်ငါးပွင့်လှုပ်ရှားမှု ပါတီအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်စဉ် ပြောကြားခဲ့"**

### အောင်မြင်အောင် ဆောင်ရွက်နိုင်ပါ့မလား

တကယ်လို့များ မစ္စတာကွန်တီကိုသာ ဝန်ကြီးချုပ်အဖြစ် ထားရှိဖို့ သမ္မတက မီးစိမ်းပြခဲ့မယ်ဆိုရင် သူဟာ ဝန်ကြီးချုပ်ဖြစ်လာမှာပါ။ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီခေါင်းဆောင် မစ္စတာ Di Maio က သူ့ရဲ့ရွေးချယ်မှုကို သဘောကျနေတဲ့ပုံပါ။ မစ္စတာကွန်တီရဲ့ အကြောင်းကို တက်တက်ကြွကြွပဲ သတင်းထောက်တွေကို ပြောပြနေပါတယ်။ ကြယ်ငါးပွင့်လှုပ်ရှားမှု ပါတီ မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်စဉ်က မစ္စတာကွန်တီရဲ့အခန်းကဏ္ဍတွေကို ပြောပြခဲ့ပါတယ်။ အီတလီနိုင်ငံရဲ့အစိုးရဝန်ဆောင်မှု သတင်းဌာနဖြစ်တဲ့ ANSA ကတော့ ပါတီခေါင်းဆောင် မစ္စတာ Di Maio ဟာ မစ္စတာကွန်တီကို သူ့ရဲ့ရှေ့နေအဖြစ် ငှားရမ်းခဲ့တာဖြစ်ပြီး သူဟာ ပါတီရဲ့တရားစီရင်ရေးမှာ ကောင်းကောင်း ပါဝင်သူတစ်ဦးလည်း ဖြစ်တယ်လို့ ဖော်ပြပါတယ်။ အများက မေးခွန်းထုတ်ကြတာကတော့ အစိုးရအုပ်ချုပ်ရေးယန္တရားမှာ ပါဝင်ခဲ့မှု မရှိသူတစ်ဦးဟာ လုပ်ငန်းဆောင်တာတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပါ့မလားဆိုတာပါပဲ။

### အတွေးအမြင်တွေ ခေတ်မမီတော့

မစ္စတာကွန်တီဟာ ပြည်သူ့စီမံခန့်ခွဲရေးဘာသာရပ်ကို အထူးပြုယူထားသူဖြစ်ပြီး အတိတ်ကာလတုန်းကတော့ လက်ဝဲယိမ်းပါတီတွေကို မဲပေးခဲ့တယ်လို့ ဆိုပါတယ်။ "အခုအခါမှာတော့ သူဟာ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီကိုပဲ ရွေးချယ်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ၂၀ ရာစု အတွေးအမြင်တွေဟာ ခေတ်မမီတော့လို့ပါပဲ'' လို့ ကြယ်ငါးပွင့် လှုပ်ရှားမှု ပါတီအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်စဉ် ပြောကြားခဲ့ပါတယ်။

### ယုံကြည်ထိုက်တဲ့လူ

လွန်ခဲ့တဲ့ သီတင်းပတ်တွေတုန်းကတော့ မစ္စတာကွန်တီဟာ သူ့ရဲ့ လူမှုမီဒီယာက အကောင့်မှာ ဂျွန်အက်ဖ်ကနေဒီရဲ့ပုံတင်ထားခဲ့ပါတယ်။ "အောင်မြင်မှုတိုင်းဟာ ကြိုးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အစပြုရတာပါ'' ဆိုတဲ့ စာသားနဲ့ အတူ တွဲတင်ခဲ့တာပဲဖြစ်တယ်။ မစ္စတာကွန်တီရဲ့သူငယ်ချင်းတွေကတော့ သူဟာ နိုင်ငံရေးလောကမှာ လူသစ်တစ်ဦးဖြစ်တဲ့အတွက် လတ်ဆတ်တဲ့ လေလိုပဲလို့ တင်စားကြပါတယ်။

"သူဟာ ယုံကြည်ထိုက်တဲ့ လူတစ်ဦးပါ'' လို့ Duquesne တက္ကသိုလ်မှ ခေတ်သစ် စာပေနဲ့ ဘာသာစကား ပါမောက္ခတစ်ဦးဖြစ်သူ ကာလာလူဆန်တီက ပြောပါတယ်။ သူဟာ မစ္စတာကွန်တီနဲ့ ရောမမြို့မှာရှိတဲ့ ကောလိပ်တစ်ခုမှာ အတူတွဲ အလုပ်လုပ်ဖူးပါတယ်။ Duquesne တက္ကသိုလ်ဆိုတာ ဗာတီကန်နဲ့ နက်နဲတဲ့ ဆက်ဆံမှုတွေရှိတဲ့ တက္ကသိုလ်လည်းဖြစ်တယ်။ Duquesne တက္ကသိုလ်မှာ မစ္စတာကွန်တီနဲ့ အလုပ်တွဲလုပ်ဖူးတဲ့ ပါမောက္ခတွေကတော့ မစ္စတာကွန်တီဟာ အင်မတန်မှ ထက်မြက်သူတစ်ဦးလို့ ဆိုကြပါတယ်။

### ရင်တထိတ်ထိတ်နဲ့စောင့်ကြည့်

မစ္စတာကွန်တီကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ဖို့ သဘောတူကြတာကတော့ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီတင်မကပါဘူး။ နောက်ထပ် အင်အားကြီးပါတီတစ်ခုဖြစ်တဲ့ League ပါတီကလည်း သဘောတူပါတယ်။ မစ္စတာ ကွန်တီဟာညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖို့ သဘောတူခဲ့ကြတာပါ။ ဒီအင်အားကြီးပါတီနှစ်ခုဟာ လွန်ခဲ့တဲ့သီတင်းပတ်ကမှ တွေ့ဆုံညှိနှိုင်းမှုတွေ ပြုလုပ်ပြီး ဒီလို ရလဒ်ပေါ်ထွက်လာတာပဲဖြစ်ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးကတော့ အီတလီနိုင်ငံရဲ့အခြေအနေကို ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေပါတယ်။ နောင်တက်လာမယ့် ဝန်ကြီးချုပ်အသစ်ဟာ ဒုက္ခသည်ခွဲတမ်းကို လက်မခံမှာ၊ ရုရှားအပေါ် ပိတ်ဆို့မှုတွေ ဖယ်ရှားပစ်မှာ ဒါတွေအပြင် အီတလီရဲ့ ကြွေးမြီကိစ္စ ဒီပြဿနာတွေအတွက် စိုးရိမ်စွာ စောင့်ကြည့်နေတာပဲဖြစ်တယ်။ လက်ရှိအင်အားကြီးပါတီတွေဖြစ်နေတဲ့ League ပါတီရော ကြယ်ငါးပွင့် လှုပ်ရှားမှု ပါတီပါဟာ ဥရောပသမဂ္ဂအဖွဲ့အတွင်း အီတလီရဲ့ ကြွေးမြီပြဿနာကို ပြန်လည်ညှိနှိုင်းလိုကြပါတယ်။ ဒ့ါအပြင် ဒီပါတီနှစ်ခုစလုံးဟာ အီတလီကို အီးယူကနေ နုတ်ထွက်သင့်မသင့် လူထုဆန္ဒကောက်ခံပွဲကျင်းပဖို့တောင် တစ်ချိန်က စဉ်းစားခဲ့ဖူးကြပါတယ်။ ဒါကြောင့် ဥရောပသမဂ္ဂ အဖွဲ့ကြီးက အီတလီရဲ့ လတ်တလော အခြေအနေကို စိတ်ပူနေတာပါ။

### အဆုံးအဖြတ်ပေါ်မူတည်

မစ္စတာကွန်တီကို ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းထားပေမယ့် ပါလီမန်နဲ့ သမ္မတရဲ့ မီးစိမ်းပြတာကိုတော့ စောင့်ရဦးမှာပါ။ လူသိနည်းပြီး ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးဖြစ်သူ မစ္စတာ ကွန်တီသာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ရင် အငြင်းပွားဖွယ် နိုင်ငံရေးပြဿနာတွေကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ပါ့မလား။ ပညာရေးလောကမှာ အချိန်အတော်ကြာ ကျင်လည်ခဲ့တဲ့ မစ္စတာကွန်တီဟာ နိုင်ငံရေးလောကမှာ အခုမှ ခြေချတာကတော့ အမှန်ပါပဲ။ အုပ်ချုပ်ရေး အတွေ့အကြုံ မရှိသေးတဲ့သူဟာ အီတလီနိုင်ငံရဲ့ ဝန်ကြီးချုပ်ဖြစ်လာမလားဆိုတာကတော့ သမ္မတရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်သွားပါပြီ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# အရည်အသွေးမြင့်မား ဘီပီအိုင်ဆေးဝါးများ အပိုင်း(၂)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးပစ္စည်းစက်ရုံ (အင်းစိန်)မှ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်(GMP) နှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာဖြင့် ထုတ်လုပ်လျက်ရှိသော BPI အမှတ်တံဆိပ်ပါ စားဆေး၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ ကာကွယ်ကုသဆေးနှင့် အဆိပ်ဖြေဆေး အမယ်(အမည်)ပေါင်းများစွာအနက် ဆေးဝါးအချို့ကို လေ့လာကြည့်သင့်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်များ၌ အခြေချ နေထိုင်လျက်ရှိကြသည့်အားလျော်စွာ စိုက်ပျိုးရေးလုပ်ကိုင်ရင်း၊ တောင်ယာလုပ်ရင်း၊ မွေးမြူရေးလုပ်ကိုင်ရင်း၊ တောခုတ်ရင်း တစ်ခါတစ်ရံ မြွေအန္တရာယ်နှင့် ကြုံတွေ့ကြရလေ့ရှိသည်။ ယင်းသို့သော မြွေကိုက်ခံရမှုများတွင် ရာခိုင်နှုန်းအများစုမှာ မြွေပွေးနှင့်မြွေဟောက် အဆိပ်သင့်မှုများ ဖြစ်ကြသည့်အတွက် ဆေးဝါးပစ္စည်းစက်ရုံ(အင်းစိန်)က နည်းပညာအသစ် ထုပ်ပိုးမှုပုံစံအသစ်ဖြင့် ထုတ်လုပ်ထားသော မြွေဆိပ်ဖြေဆေးများကို ဦးစွာလေ့လာသင့်ကြသည်။

### မြွေပွေးအဆိပ်ဖြေဆေး

ခေတ်သစ်နည်းပညာဖြင့် ထုတ်လုပ်ထားသော Viper Antivenom(Freeze-Dried)ထိုးဆေးသည် မြွေပွေးကိုက်ခံရသော လူနာများအား ကုသကယ်တင်ရန် အသုံးပြုရမည့် အရေးပေါ် အသက်ကယ်ဆေးဖြစ်သည်။ ယင်းထိုးဆေးကို ခေတ်သစ်နည်းပညာအရ အေးခဲခြောက်ပုံစံဖြင့် ထုတ်လုပ်ပေးထားခြင်းဖြစ်၍ ယခင်က ထုတ်လုပ်ခဲ့သော မြွေဆိပ်ဖြေဆေး (အရည်)ကဲ့သို့ အအေးခန်း သို့တည်းမဟုတ် အေးခဲသေတ္တာ (Freezer)ထဲ၌ အပူချိန် နှစ်ဒီဂရီမှ ရှစ်ဒီဂရီ စင်တီဂရိတ်အတွင်း ချိန်ညှိကာ ထားသိုသိမ်းဆည်းရန်မလိုတော့ဘဲ သာမန်အခန်းအပူချိန်၌ပင် ထားသိုသိမ်းဆည်းနိုင်သည်။

သို့ဖြစ်၍ မည်သည့် ကျေးလက်ဆေးရုံ ဆေးခန်းများ၌မဆို လွယ်ကူစွာ ထားသိုသိမ်းဆည်းနိုင်သည့်အပြင် ယခင် မြွေဆိပ်ဖြေဆေး(အရည်)ထက် ဆေးအာနိသင်သက်တမ်း နှစ်နှစ် ပိုမိုကြာရှည်ကာ စုစုပေါင်း ဆေးသက်တမ်း ငါးနှစ်အထိ အာနိသင်မပျက် သိုလှောင်သိမ်းဆည်းထားနိုင်သည်။ ခရီးသွားရင်း ဆောင်ထားလိုလျှင်လည်း အခြားသော အသုံးအဆောင်ပစ္စည်းများကဲ့သို့ပင် ခရီးဆောင်အိတ်အတွင်း လွယ်လင့်တကူ သယ်ဆောင်သွားနိုင်သည်။ ဆေးဝါးစက်ရုံ(အင်းစိန်)က ခေတ်သစ်နည်းပညာဖြင့် အေးခဲခြောက်ပုံစံ မြွေပွေးအဆိပ်ဖြေဆေးကို အခြေခံကုန်ကြမ်းနှစ်မျိုးဖြစ်သော မြင်းသွေးရည်ကြည်နှင့် သိုးသွေးရည်ကြည်တို့မှ ကုန်ချောများအဖြစ် နှစ်မျိုးနှစ်စား ထုတ်လုပ်ထားပြီး လွယ်ကူစွာခွဲခြားနိုင်ရန် မြွေဆိပ်ဖြေဆေးတစ်မျိုးချင်းစီ၏ ထုပ်ပိုးခွံများပေါ်၌ မြင်းပုံနှင့် သိုးပုံများကို ခွဲခြားရိုက်နှိပ် ဖော်ပြထားသည်။

အဆိုပါ မြွေပွေးအဆိပ်ဖြေ ထိုးဆေးများကို ကြာရှည် ထားသိုသိမ်းဆည်းမည်ဆိုပါက အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်အောက် နေရောင်နှင့် တိုက်ရိုက်ထိတွေ့မှုမရှိသော နေရာများ၌ အာနိသင်မပျက် ထားသိုနိုင်သည်။ အသုံးပြုရန် လိုအပ်လာချိန်တွင် ဆေးဘူးအတွင်း၌ အသင့်ထည့်သွင်းပေးထားသော မိုးရေကို အဆိပ်ဖြေဆေးပုလင်းထဲသို့ ဆေးထိုးအပ်ဖြင့် ဖြည်းညင်းစွာ ထိုးသွင်းပြီးနောက် အသာအယာလှုပ်ယမ်းကာ ပျော်ဝင်စေပြီးမှ အသုံးပြုရမည်ဖြစ်သည်။ ဤနေရာတွင် မြွေဆိပ်ဖြေဆေးပုလင်းကို ပြင်းထန်စွာ လှုပ်ယမ်းခြင်းမပြုမိစေရန် သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ ရှင်သန်ပေါက်ပွား ကျက်စားနေသော မြွေပွေးမျိုးစိတ်မှာ Daboia Siamensis ဖြစ်သည့်အတွက် အဆိုပါမြွေမျိုးစိတ်ထံမှ ထုတ်ယူထားသည့် မြွေဆိပ်ဖြင့် ထုတ်လုပ်ထားသော ဘီပီအိုင် မြွေပွေးအဆိပ်ဖြေဆေးများသည် အာနိသင် အလွန်ထက်မြက်ပြီး ထိရောက်မှုအရှိဆုံးသော အသက်ကယ်ဆေးပင် ဖြစ်သည်။

### မြွေဟောက်အဆိပ်ဖြေဆေး

အလားတူပင် ခေတ်သစ်နည်းပညာဖြင့် ထုတ်လုပ်ထားသော Cobra Antivenom(Freeze-Dried)ထိုးဆေးသည် မြွေဟောက်ကိုက်ခံရသော လူနာများအား ကုသကယ်တင်ရန် အသုံးပြုရမည့် အရေးပေါ်အသက်ကယ်ဆေးဖြစ်သည်။ ယင်းထိုးဆေးကိုလည်း ခေတ်သစ်နည်းပညာအရ အေးခဲခြောက်ပုံစံဖြင့် ထုတ်လုပ်ပေးထားခြင်းဖြစ်၍ ယခင်ထုတ်လုပ်ခဲ့သော မြွေဆိပ်ဖြေဆေး(အရည်)ကဲ့သို့ အအေးခန်း သို့တည်းမဟုတ် အေးခဲသေတ္တာထဲ၌ အပူချိန် နှစ်ဒီဂရီမှ ရှစ်ဒီဂရီ စင်တီဂရိတ်အတွင်း ချိန်ညှိကာ ထားသိုသိမ်းဆည်းရန်မလိုဘဲ သာမန်အခန်းအပူချိန်၌ပင် ထားသိုသိမ်းဆည်းနိုင်သည်။

သို့ဖြစ်၍ မြွေဟောက်အဆိပ်ဖြေဆေးကိုလည်း မည်သည့် ကျေးလက် ဆေးရုံဆေးခန်းများ၌မဆို လွယ်ကူစွာ ထားသိုသိမ်းဆည်းနိုင်သည့်အပြင် ဆေးသက်တမ်းမှာလည်း ငါးနှစ်အထိ အာနိသင်မပျက် သိုလှောင်သိမ်းဆည်းထားနိုင်သည်။ အသုံးပြုရာတွင်လည်း မြွေပွေးအဆိပ်ဖြေဆေးကဲ့သို့ပင် မိုးရေနှင့်ရော၍ အသုံးပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ ရှင်သန်ပေါက်ပွား ကျက်စားနေသော မြွေဟောက်မျိုးစိတ်မှာ Naja Kaouthia ဖြစ်သည့်အတွက် အဆိုပါမြွေမျိုးစိတ်ထံမှ ထုတ်ယူထားသည့် မြွေဆိပ်ဖြင့် ထုတ်လုပ်ထားသော ဘီပီအိုင် မြွေဟောက်အဆိပ်ဖြေဆေးသည် အာနိသင် အလွန်ထက်မြက်ပြီး ထိရောက်မှုအရှိဆုံးသော အသက်ကယ်ဆေးပင် ဖြစ်သည်။

**စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါးအမယ်(အမည်)သစ် ၂၄ မျိုးနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါးအမယ်(အမည်)သစ် ၂၁ မျိုးကို တီထွင်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ဆေးဝါး ၁၇ မျိုးမှာ FDA ၏ ခွင့်ပြုချက် ရရှိပြီးဖြစ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိနေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။**

### အသည်းရောင်အသားဝါရောဂါ ကာကွယ်ဆေး

နောက်ထပ် ဘီပီအိုင်အမှတ်တံဆိပ် ထိုးဆေးတစ်မျိုးမှာ Livovax-B ဖြစ်ပြီး ယင်းထိုးဆေးကို အသည်းရောင် အသားဝါရောဂါ ကာကွယ်ရန်အတွက် အသုံးပြုနိုင်သည်။ ကလေးများအတွက် ၀ ဒသမ ၅ မီလီလီတာပါ ထိုးဆေးပုလင်းနှင့် အရွယ်ရောက်ပြီးသူများအတွက် တစ်မီလီလီတာပါ ထိုးဆေးပုလင်းဟူ၍ နှစ်မျိုး ခွဲခြားထုတ်လုပ်ပေးထားသည်။ Livovax-B ထိုးဆေးကို အအေးခန်း သို့တည်းမဟုတ် အေးခဲသေတ္တာထဲ၌ အပူချိန် နှစ်ဒီဂရီမှ ရှစ်ဒီဂရီစင်တီဂရိတ်အတွင်း ချိန်ညှိကာ ထားသိုသိမ်းဆည်းရမည်ဖြစ်ပြီး စတင်ထုတ်လုပ်သည့်ရက်မှ စ၍ သုံးနှစ်တာကာလအတွင်း အာနိသင်မပျက် သိုလှောင်ထားရှိ အသုံးပြုနိုင်သည်။

### မေးခိုင်ရောဂါအတွက် ထိုးဆေးသုံးမျိုး

မေးခိုင်ရောဂါကာကွယ်သည့် ထိုးဆေးသုံးမျိုးကိုလည်း ဆေးဝါးစက်ရုံ(အင်းစိန်)၌ ထုတ်လုပ်ပေးလျက်ရှိသည်။ ယင်းထိုးဆေးသုံးမျိုးအနက် နှစ်မျိုးမှာ ကြိုတင်ကာကွယ်မှုအတွက် ထိုးနှံရန်ဖြစ်ပြီး ကျန်တစ်မျိုးကမူ အရေးပေါ်အခြေအနေ၌ သုံးစွဲရန်ဖြစ်သည်။ ဘီပီအိုင်အမှတ်တံဆိပ် မေးခိုင်ရောဂါကာကွယ်ဆေးများအနက် Tetanus Toxoid (Adsorbed) ကို မည်သူ့အတွက်မဆို ထိုးနှံအသုံးပြုနိုင်သည်။ နောက်တစ်မျိုးဖြစ်သည့် Anti-Tetanus Serum (Prophylatic) ကမူ မြင်းသွေးနှင့်ဓာတ်မတည့်သူများကို ထိုးနှံပေးခြင်း မပြုနိုင်သည်မှအပ အခြား မည်သူ့အတွက်မဆို အသုံးပြုနိုင်သည်။ မေးခိုင်ရောဂါအတွက် အရေးပေါ်ကာကွယ်ထိုးဆေး Tetanus Toxoid (Formol)ကမူ အရေးပေါ်လိုအပ်လာချိန်၌ မေးခိုင်ရောဂါ မဖြစ်ပွားရအောင် ထိုးနှံပေးရမည့်ဆေးဖြစ်ပြီး ယင်းထိုးဆေးကို ကလေးငယ်များအတွက်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက်လည်းကောင်း အသုံးမပြုမိရန် သတိပြုကြရမည်ဖြစ်သည်။

### အခြားသော ဆေးစွမ်းကောင်းများ

နမိုးနီးယားအဆုတ်ရောင်ခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်း၊ နှလုံးအမြှေးရောင်ခြင်း၊ သည်းခြေအိတ် ပိုးဝင်ခြင်းနှင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်းကဲ့သို့သော Gram(+) နှင့် Gram(-) ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသည့် ရောဂါများအတွက် ဆရာဝန်ညွှန်ကြားချက်ဖြင့် ထိုးနှံအသုံးပြုနိုင်သော Gentamicin Injection သည်လည်း ဘီပီအိုင်အမှတ်တံဆိပ် ဆေးစွမ်းကောင်းတစ်လက် ဖြစ်သလို အရက်ဖြတ်ခြင်းကြောင့်ဖြစ်သော အတက်ရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ အဖျားကြီး၍ဖြစ်သော အတက်ရောဂါ၊ ကြွက်သားတောင့်တင်းခြင်း စသည်တို့အတွက် ဆရာဝန်၏ညွှန်ကြားချက်ဖြင့် သုံးစွဲနိုင်သော Diazepam Injection ကလည်း ဘီပီအိုင်၏ အစွမ်းထက်သော ထိုးဆေးတစ်မျိုးပင် ဖြစ်သည်။

ကင်ဆာကုသဆေးများ၏ ဘေးထွက်ဆိုးကျိုးကြောင့် ယူရစ်အက်စစ်များခြင်းနှင့် အခြားသော အကြောင်းများကြောင့် ယူရစ်အက်စစ်များခြင်းမှ ကာကွယ်ရန် ဘီပီအိုင်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော Allopurinol Tablet သည် ယူရစ်အက်စစ် များနေခြင်းကြောင့် အဆစ်အမြစ်ရောင်ရမ်းခြင်း မဖြစ်ရအောင် ကာကွယ်ပေးနိုင်သော အစွမ်းထက်ဆေးဝါးတစ်မျိုးဖြစ်သည်။ သို့ရာတွင် အဆိုပါဆေးကို ကျောက်ကပ်မကောင်းသူများ၊ အသည်းမကောင်းသူများ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ၊ ကလေးနို့တိုက်မိခင်များအဖို့ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သတိပြုသုံးစွဲကြရမည်ဖြစ်သည်။ အထူးသတိပြုရမည့် အချက်မှာ အဆစ်အမျက်များ အလွန်အမင်း ရောင်ရမ်းနေချိန်မျိုးတွင် ၎င်းဆေးကို သုံးစွဲခြင်းမပြုမိရန် ဖြစ်သည်။

ဓာတ်မတည့်ခြင်းကြောင့်ဖြစ်ရသော အအေးမိခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကြပ်ခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ အရေပြားယားယံခြင်းနှင့် အင်ပျဉ်ထခြင်းများကို သက်သာပျောက်ကင်းစေသော Cetirizine Tablet သည်လည်း ဘီပီအိုင်ထုတ် အာနိသင်ထက်မြက်သော ဆေးဝါးတစ်မျိုးဖြစ်သည်။ အလားတူပင် Quinine Tablet သည်လည်း ကလိုရိုကွင်းဆေးကို ယဉ်ပါးနေသော ငှက်ဖျားရောဂါကို ကုသနိုင်သည့် အစွမ်းထက် ဘီပီအိုင်ဆေးဖြစ်ပြီး ထိုဆေးကိုအသုံးပြုပါက ငှက်ဖျားရောဂါတိုက်ဖျက်ရာတွင် အာနိသင်ထက်မြက်သလို တစ်ဖက်တွင်လည်း ပျို့အန်ခြင်း၊ မူးဝေခြင်း၊ နားအူခြင်း၊ နားလေးခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်လုံးများပြာဝေခြင်း၊ သွေးတွင်းအချိုဓာတ်ကျဆင်းခြင်းနှင့် နှလုံးခုန်မှုမမှန်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်နိုင်သည့်အတွက် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သတိပြုသုံးစွဲရန် လိုအပ်မည်ဖြစ်သည်။ Quinine Tablet ကို ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ ကလေးနို့တိုက်ရသော မိခင်များ၊ သွေးထဲတွင် G6PD ချို့တဲ့နေသူများနှင့် နှလုံးခုန် မှုမမှန်သူများအတွက် ထိုးနှံခြင်းမပြုရန်လည်း သတိပြုကြရမည် ဖြစ်သည်။

### FDA ၏ ခွင့်ပြုချက်ရရှိပြီး

စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါးအမယ်(အမည်)သစ် ၂၄ မျိုးနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါးအမယ်(အမည်)သစ် ၂၁ မျိုးကို တီထွင်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ဆေးဝါး ၁၇ မျိုးမှာ FDA ၏ ခွင့်ပြုချက် ရရှိပြီးဖြစ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိနေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။ သာဓကအားဖြင့် HIV ရောဂါပိုးရှိသူနှင့် Hepatitis-B ရောဂါပိုးရှိသော ဝေဒနာရှင်များအတွက် Tenofovir (300mg)ကိုလည်းကောင်း၊ ဘက်တီးရီးယား ပိုးသတ်ဆေးများဖြစ်ကြသော Cefalexin Capsule နှင့် Flocomox Capsule များကိုလည်းကောင်း၊ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်မှုကို သက်သာစေသည့် Pain Killer တစ်မျိုးဖြစ်သော Tramadol ကိုလည်းကောင်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိနေပြီ ဖြစ်သည်။

ထို့အပြင် အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်မျိုးတွင် အရန်သင့်အသုံးပြုနိုင်သည့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်း ၄၁ မျိုး ပါဝင်သော အရေးပေါ်သုံးဆေးသေတ္တာ (First Aid Kit) များကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်(GMP)နှင့် ကိုက်ညီသည့် ဘီပီအိုင်ဆေးဝါးများ၏ အာနိသင်ထက်မြက်မှု၊ စံချိန်စံညွှန်းပြည့်မီမှုနှင့် အရည်အသွေးမြင့်မားမှုတို့ကို အစဉ်အလာမပျက် ထိန်းသိမ်းလျက် ဆေးဝါးထုတ်လုပ်မှု ခေတ်သစ်နည်းပညာများကိုပါ ရှာဖွေဖော်ထုတ်ပြီး ပြည်သူ့ကျန်းမာရေးကို အဓိက အထောက်အကူပြုနေသော စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးပစ္စည်းစက်ရုံ (အင်းစိန်)(BPI)အား ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပေသည်။ ။




ဘီပီအိုင်ထုတ် မြွေပွေးအဆိပ်ဖြေဆေး




ဘီပီအိုင်ထုတ် မြွေဟောက်အဆိပ်ဖြေဆေး

## လျှင်ဘေးဆိုင်ရာ အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြလေ့ကျင့်

**မိုးကောင်း မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ လျှင်ဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို မိုးကောင်းမြို့ အထက(၁)ကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဖျက်ဆီးမှုစွမ်းအားပြင်းထန်သော လျှင်လှုပ်နေချိန်နှင့် လှုပ်ပြီးနောက်တွင် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဝန်ထမ်းများ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် အင်အားပြင်းလျှင်လှုပ်ပါက တုံ့ပြန်နိုင်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်တင်ဇာအောင်နှင့် မိုးညှင်းခရိုင်ဦးစီးမှူး ဒေါ်ရွှေဇင်နိုင်တို့က လျှင်နှင့်ပတ်သက်သည့် သိကောင်းစရာများကို ဆရာ ဆရာမများအား ရှင်းလင်းဟောပြောပြီးနောက် လျှင်လှုပ်ခဲ့လျှင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းများကို ဆရာ ဆရာမများ ပါဝင်၍ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

လျှင်သရုပ်ပြလေ့ကျင့်ခြင်းဆိုသည်မှာ အင်အားပြင်းလျှင် ဖြစ်ပေါ်လာပါက ဘေးအကင်းဆုံးဖြစ်အောင် နေထိုင်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရမည့် အစီအစဉ်များ အပါအဝင် ကြိုတင်ပြင်ဆင်ထားရမည့် လိုအပ်ချက်များကို ဆန်းစစ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ပြုလုပ်သည့် သဏ္ဍာန်တူလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လျှင်လှုပ်ခတ်မှုများသောဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ပြတ်ရွေ့များလည်း တည်ရှိသောကြောင့် အင်အားပြင်းထန်သောလျှင်များ အချိန်မရွေး နေရာမရွေး ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန် / ဆက်)**

## ကမ်းနီကျေးရွာ၌ ရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်

**အင်းတော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာအုပ်စု ကမ်းနီကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် မေ ၂၃ ရက်က ရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံး (OSS Mobile Service Delivery)ဖွင့်လှစ်ပြီး ဌာနဆိုင်ရာ ၁၀ ခုမှ ဝန်ထမ်းများက ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဝန်ဆောင်မှုများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ဒီရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ် ဆောင်ရွက်ပေးတာကို ၂၀၁၇ ခုနှစ်က စတင်လုပ်ဆောင်ပေးလာခဲ့ပါတယ်၊ လက်ရှိမှာကျေးရွာအုပ်စု ၁၁ ခုကို ကွင်းဆင်းဆောင်ရွက်ပေးပြီးဖြစ်ပါတယ်၊ မြို့နယ်အတွင်း ရပ်ကွက် ၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၃ ရွာရှိပါတယ်၊ ဒီနေ့အစီအစဉ်မှာ အလင်းရောင်စီမံချက်အနေနဲ့ ပထမဆုံးအကြိမ် မီတာဖြန့်ဝေတပ်ဆင်ပေးတာလည်း ပါတယ်"ဟု OSS ရုံးတာဝန်ခံ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ပြောသည်။

"လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ အလင်းရောင်စီမံချက်နဲ့ မီတာတပ်ဆင်ပေးပါတယ်၊ ကျေးရွာနေပြည်သူတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောတာတွေ လက်ကမ်းစာစောင်တွေဖြန့်ဝေပေးတာတွေကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး ဦးဆောင်သော ပြည်သူ့ဝန်ဆောင်မှုဌာနများ၊ မီးလင်းရေးကော်မတီများနဲ့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်၊ ကျွန်တော်တို့အင်းတော်မြို့နယ်အတွင်း မီတာအလုံးရေ ၇၀ ကို မီတာတစ်လုံးကို ၄၅၀၀၀ ကျပ်နှုန်းနဲ့ ကမ်းနီကျေးရွာမှာ ပထမဆုံးအကြိမ်အဖြစ် နေ့ချင်းပြီး တပ်ဆင်ပေးတာဖြစ်ပါတယ်"ဟု အင်းတော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းနိုင်က ပြောသည်။

အဆိုပါ ရွေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာသို့ နဘားကျေးရွာအုပ်စုတွင်းရှိ ကမ်းနီ၊ နဘား၊ နဘားကြီး၊ နားရခေါင်၊ ပင့်တင်၊ ရွာသစ်ကုန်းနှင့် နားမကျိုင်းကျေးရွာတို့မှ ပြည်သူများ လာရောက်ပြီး လုပ်ဆောင်ရန်ရှိသည့် ကိစ္စများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ ပါ မောင်မောင်ကျော့(ပလက်ဝ)၏ "ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) အမြန်ပြီးစီး အသုံးပြုနိုင်ရန် ဒေသခံများမျှော်လင့်" သတင်းတွင် ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၂၅ တန်အစား HS-25 Load Class ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## မလှိုင်မြို့နယ်တွင် နှစ်နှစ်အတွင်း ထန်းပင် ၁၀၀၀၀ ကျော် ခုတ်လှဲခဲ့

**မလှိုင် မေ ၂၃**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် နှစ်နှစ်တာကာလအတွင်း ထန်းပင်ခုတ်လှဲမှုပေါင်း ၁၀၀၀၀ ကျော်ရှိခဲ့သဖြင့် ထန်းပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခုတ်လှဲခြင်းကို လျှော့ချရန် ထန်းတောင်သူများအား အသိပညာပေး စည်းရုံးလျက်ရှိသော် လည်း လိုက်နာမှုတွင် အားနည်းနေသေးကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ထန်းပင်ခုတ်လှဲမှုတွေ ရှိပါတယ်၊ ရောင်းချမှုတွေလည်း ရှိပါတယ်၊ ဒါပေမယ့် စီးပွားဖြစ်ရောင်းချတာမျိုး ပြည်ပက လာဝယ်တာမျိုး မဟုတ်ပါဘူး၊ ဒီလိုခုတ်လှဲမှုတွေအတွက် သက်ဆိုင်ရာက တားမြစ်အသိပညာပေးထားတာလည်း ရှိပါတယ်၊ အခုလို ခုတ်လှဲတာက အများအားဖြင့် သက်တမ်းအလွန်ကြာပြီး ထန်းသမားမတတ်နိုင်တဲ့ အပင်တွေ များပါတယ်၊ နောက်ပြီး အထွက်နည်းတဲ့ အပင်မျိုးတွေပါ၊ ထန်းတစ်ပင်ကို ၁၅၀၀၀ ကျပ်ကနေ ၂၀၀၀၀ ကျပ်လောက် ရောင်းချရပါတယ်၊ ဝယ်တဲ့သူတွေအနေနဲ့ကလည်း အပင်ငယ်ရင် မဝယ်ဘူး၊ အပင်လည်းရင့်ပြီးမြင့်မှ သူတို့အတွက် အဆင်ပြေတယ်လေ၊ နုရင် အပင်ငယ်ရင် သူတို့အတွက် အသုံးမဝင်ဘူး၊ များသောအားဖြင့်ကတော့ ကျွန်တော်တို့ဒေသမှာ မိမိတို့နေထိုင်ရေးအတွက် တဲ၊ အဆောက်အအုံတွေအတွက် သစ်အစားထိုးသုံးရုံပဲ ခုတ်လှဲတာ၊ ရောင်းချတာပါ၊ စီးပွားဖြစ်တော့ မရှိပါဘူး"ဟု ဒေသခံ ထန်းတောင်သူတစ်ဦးဖြစ်သည့် ဦးဖိုးစိုးက ပြောသည်။

ဒေသခံတစ်ဦးကလည်း "ခုတ်လှဲတာတော့ မှန်ပါတယ်၊ သစ်အစားထိုး အသုံးချတာမျိုးပါ၊ ထန်းလေးပင်ဆို လေးပင်ပတ်လည် တစ်ဆောင်စာရပါတယ်၊ ထန်းတစ်ပင် ၂၀၀၀၀ ကျပ်ပေါ့နော်၊ ထန်းဖျင်းခက တစ်ပင် ၅၀၀၀၀ ကျပ်ဆိုတော့ ထန်းတစ်ပင်ကို ၇၀၀၀၀ ကျပ်၊ ထန်းလေးပင် ၂၈၀၀၀၀ ကျပ်လောက်ဆို အိမ်တစ်ဆောင်စာ ရပြီပေါ့၊ ထန်းသားနဲ့ ဆောက်ရင် ကျပ်သုံးသိန်းဝန်းကျင်နဲ့ တစ်ဆောင်စာရပြီး သစ်ဆိုရင် တစ်ဆလောက် ပိုကုန်တယ်လေ၊ ခိုင်ခံ့မှုမှာကလည်း ထန်းသားက ပိုတာကိုး၊ အဲဒီတော့ သစ်အစား အသုံးချခုတ်လှဲမှုတွေရှိပေမယ့် စီးပွားဖြစ် ပြည်ပရောင်းချတာမျိုး မရှိပါဘူး၊ ကိုယ့်အိမ်လေး တဲလေးဆောက်မယ်ဆိုမှ ဝယ်ပြီး ထန်းဖျင်းသမားရှာ လုပ်ဆောင်တာမျိုးပါ"ဟု ပြောသည်။

မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးငွေဒိုးကမူ "ဆရာတို့ကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၇ ဖေဖော်ဝါရီ ၇ ရက်မှာ တစ်ကြိမ်၊ ၉ ရက်မှာ တစ်ကြိမ် အညာဒေသ ထန်းပင်အရေအတွက်စာရင်းနဲ့ ထန်းပင်တွေရဲ့သဘာဝအကျဉ်းတွေကို ပြုစုပေးဖို့ ညွှန်ကြားထားပါတယ်၊ ညွှန်ကြားချက်အရ စစ်တမ်းကောက်ယူထားတာလည်း ရှိတယ်၊ မလှိုင်မြို့မှာ ၂၀၁၅ ဇန်နဝါရီလကုန်ပိုင်းမှာ ထန်းပင်ပေါင်း ၃၇၅၈၄၀ ရှိပြီး ၂၀၁၇ ဇန်နဝါရီလကုန်ပိုင်းမှာတော့ ထန်းပင်ပေါင်း ၃၆၅၀၀၀ ရှိနေပါတယ်၊ အဲမှာ အပင်ပေါင်း ၁၀၈၄၀ လျော့နည်းနေတာကို တွေ့ရပြီး စစ်ဆေးကြည့်တဲ့အခါမှာ တောင်သူတွေရဲ့ ကန်သင်းရိုးပေါ်ရှိတဲ့ ထန်းပင်တွေကို ခုတ်လှဲမှုက ၁၀၀၀၀ ကျော်ရှိနေပြီး သဘာဝဘေးအန္တရာယ်အရ ပျက်စီးမှုက ဆယ်ဂဏန်းလောက်ပဲရှိတာ တွေ့ရပါတယ်၊ မိုးကြိုးပစ်ချ ခံရတာမျိုးပေါ့"ဟု ထန်းပင်များ လျော့နည်းလာသည့် အခြေအနေ အသေးစိတ်ကို ရှင်းပြသည်။

"ထန်းပင်ခုတ်လှဲမှုတွေကို စစ်ဆေးတဲ့အခါမှာ အဓိကအကြောင်းအရာတွေကတော့ အညာဒေသမှာ သစ်အစားထိုး အသုံးပြုမှု၊ ထန်းသမား ရှားပါးလာမှု၊ ထန်းလျက်ဈေး ကျဆင်းနေမှုတွေကို တွေ့ရပါတယ်။ ထန်းတစ်ပင်ကို ၁၀၀၀၀ ကျပ်ကနေ ၁၅၀၀၀ ကျပ်အထိ ရောင်းချမှုရှိနေတယ်လို့ သိရှိရပါတယ်၊ ဆရာတို့ရုံးမှာ တစ်လနှစ်ကြိမ် ပြုလုပ်နေကျ အုပ်ချုပ်ရေးမှူးများ လစဉ်အစည်းအဝေးမှာ ထန်းတောင်သူတွေကို စည်းရုံးလျက်ရှိပါတယ်၊ ပြစ်ဒဏ်သတ်မှတ်တာမျိုးတော့မရှိဘဲ အသိပညာပေးပြောဆိုစည်းရုံးတာပါ၊ ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ်ရောင်းချတာမျိုး မရှိပါဘူး၊ ထန်းပင်သက်တမ်းက အများဆုံး ၁၅ နှစ်မှ ထန်းပျိုဖြစ်ကြပြီး ၁၇ နှစ်လောက်မှ ထန်းရည်ရတတ်တာမျိုးမို့ အညာဒေသ စိမ်းလန်းစိုပြည်ရေးကို ထိခိုက်စေမယ့် ခုတ်လှဲရောင်းချမှု မဖြစ်အောင် အသိပညာပေး စည်းရုံးလုပ်ဆောင်တာပါ၊ ထန်းပင်တစ်ပင်လုံးမှာ ပစ်စရာ မရှိဘူးလေ၊ ထန်းသီးနုတာဆို စားသုံးလို့ရတယ်၊ အင်မတန်လည်း ကောင်းပါတယ်၊ ဒီနှစ် ထန်းရည်လိုင်စင်ဆို ပြိုင်ဆိုင်မှုရှိလာပါတယ်၊ ထန်းအမြစ်အထိ စားလို့ရပြီး အမြစ်ဆုံလိုမျိုးဆို နွားစားကျင်းလုပ်တာ၊ ထန်းရွက်ဆို အညာဒေသထွက် လက်ဆောင်ပစ္စည်းမျိုးစုံအပြင် အိမ်တွေမှာ အမိုးအဖြစ် အသုံးပြုကြတယ်လေ၊ ဒီလို တစ်ပင်လုံး တန်ဖိုးရှိတဲ့ ထန်းပင်တွေကို ခုတ်လှဲမှု မရှိအောင် တတ်နိုင်သမျှ လျှော့နည်းအောင် အသိပညာပေး စည်းရုံးလုပ်ဆောင်မှုတွေ အဆက်မပြတ်ရှိနေပါတယ်"ဟုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

မလှိုင်မြို့နယ်တွင် ကျေးရွာပေါင်း ၂၄၇ ရွာနှင့် ရပ်ကွက်လေးခု ရှိနေပြီး မြို့နယ်အတွင်း၌ ထန်းပင်ပေါင်း တစ်သောင်းကျော်ကို နှစ်နှစ်ကာလအတွင်း ခုတ်လှဲမှုများရှိခဲ့ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနက အသိပညာပေး စည်းရုံးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း ဒေသခံပြည်သူများအနေဖြင့် လိုက်နာမှု အားနည်းနေသေးကြောင်း၊ အညာဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေသလို အညာဒေသ၏ပြယုဂ် အလှတရားလည်းဖြစ်သော ထန်းပင်များကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ချက်များရှိနေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ပေါင်းတည်မြို့၌ စားသုံးသူအကာအကွယ်ပေးရေး ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်

**ပေါင်းတည် မေ ၂၃**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ စားသောက်ကုန်အရောင်းဆိုင်များနှင့် မုန့်အရောင်းဆိုင်များ၊ ဆေးဆိုင်များကို မြို့နယ်စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့ဝင်များနှင့် မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များက ဒေသခံ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မေ ၂၂ ရက်က ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သလို ဆိုင်ရှင်များအား အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဆေးဝါးအရောင်းဆိုင်များ၊ စားသောက်ကုန်အရောင်းဆိုင်များနှင့် မုန့်အရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်၍ ရက်ကျော်လွန်သည့်ဆေးဝါးများ၊ စားသောက်ကုန်များနှင့် မုန့်များ လက်ဝယ်ထားရှိရောင်းချနေခြင်း ရှိ မရှိကို လိုက်လံစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိသည့် ရက်လွန်ဆေးဝါးများကို သိမ်းဆည်းခဲ့သည်။

ထို့အပြင် ဆေးဆိုင်များတွင် စပ်ဆေးများ မရောင်းချရေးနှင့် ၂၀၁၈ ခုနှစ်အတွင်း တရားဝင်ထုတ်ပြန်ကြေညာထားသည့် စံမညီဆေးဝါးများ၊ ဆေးဝါးအတုအမည်များ၊ တိုင်းရင်းဆေးများနှင့် စားသောက်ကုန်ပစ္စည်းအမည်များကိုလည်း ဆိုင်ရှင်များအား အသိပေးပြောကြားကာ ရောင်းချခြင်းအတွက် ပြစ်ဒဏ်များအကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ပူးပေါင်းအဖွဲ့အနေဖြင့် လူတိုင်းသက်ရှည်ကျန်းမာရေးနှင့်စားသုံးသူများအား အကာအကွယ်ပေးနိုင်ရေးကို ဦးစားပေး၍ စစ်ဆေးသည့်လုပ်ငန်းများကို အပတ်စဉ်ပုံမှန်ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုလို ရှောင်တခင်စစ်ဆေးမှုများလည်း ပြုလုပ်ကာ လိုက်နာမှုမရှိသည့်ဆိုင်များအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## မင်းဘူးမြို့နယ်၌ စိုက်ပျိုးစရိတ် တောင်သူ ၁၀၀၀၀ အတွက် ကျပ်သိန်းပေါင်း ၅၈၀၀ ထုတ်ချေးမည်

**မင်းဘူး မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ မေ ၂၃ ရက်အထိ ကျေးရွာအုပ်စု သုံးစုမှ တောင်သူ ၇၇ ဦး၏ စိုက်ပျိုးမြေ ၂၉၇ ဧကအတွက် ချေးငွေကျပ် ၃၁၁ ဒသမ ၅ သိန်း စတင်ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် မင်းဘူးမြို့နယ်အတွင်း ကျေးရွာ ၆၅ အုပ်စုမှ တောင်သူ ၁၀၀၀၀ ခန့်၏ စိုက်ပျိုးမြေ ဧက ၅၉၀၀၀ ခန့်အတွက် ချေးငွေ ကျပ်သိန်းပေါင်း ၅၈၀၀၀ ခန့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ယခင်နှစ်နည်းတူ စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ခရိုင်မန်နေဂျာ ဦးစိုးမင်းဝင်းထံမှ သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှ အ ဆက်)*

နိုင်ရန်အလို့ငှာ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည်-

(၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်။

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မကျရောက်စေရန်နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှုအဆင့်အတန်း သတ်မှတ်ချက်ကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

(င) ကွန်ဗင်းရှင်းမှ ထုတ်ပြန်သည့် စာရင်းများကို အများပြည်သူသိရှိနိုင်ရေး သတ်မှတ် ကြေညာရမည်။

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဆ) မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေပါက ယင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်-

(က) ညွှန်ကြားရေးမှူးချုပ်အား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(ခ) သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုဖြစ်စေ သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ခ) သုတေသနပြုလုပ်ခွင့်ရသူအား ကာကွယ်ထားသည့် သဘာဝအပင်ကို စမ်းသပ်ခြင်း၊ မျိုးပွားခြင်းစသည့် သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေး နယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများကို သုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ သိပ္ပံနည်းကျအမျိုးအမည် ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ် သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ပသို့တင်ပို့ခွင့် သို့မဟုတ် သယ်ဆောင်ခွင့်ပြုနိုင်သည်။

(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(င) ပြည်ပမျိုးသဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသူအား စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်ခြင်း သို့မဟုတ် မျိုးပွားခြင်း ပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွားစိုက်ပျိုးခြင်း ပြုနိုင်သော သဘာဝအပင် အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွားစိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်များကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်။

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရ လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် တိရစ္ဆာန်မွေးမြူသူနှင့် အပင်စိုက်ပျိုးသူမည်သူ့ကိုမဆို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း ပြုနိုင်သည်။

(င) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေးအလို့ငှာ လည်းကောင်း၊ ဝါသနာအရ လည်းကောင်း မွေးမြူနိုင်ရေးနှင့် စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့်၊ မျိုးပွားခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်။

(စ) ပုဒ်မခွဲ (ခ) နှင့် (င) တို့အရ လုပ်ကိုင်ခွင့်ပြုသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စစ်ဆေးရန် သို့မဟုတ် မှတ်ပုံတင်ရန်သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်တို့ကို တာဝန်ပေးအပ်ရမည်။

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝ အပင်များ ဖြစ်စေ၊ မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်နှင့် အပင်များဖြစ်စေ ကူးစက်ရောဂါပိုးကင်းရှင်းမှု မရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက်ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်။

၂၃။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကို ဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကို ဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းရန်၊ ပြည်ပသို့တင်ပို့ရန် သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်။

(ဂ) ထောက်ခံချက်ရယူလိုသူသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ထုတ်ပေးမည့် ထောက်ခံချက်အတွက် စစ်ဆေးခ၊ ပါမစ်ကြေး သို့မဟုတ် အခြား စရိတ်ကြေးငွေများကို သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် မျိုးပွားခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့် ပြုနိုင်သည်။

(င) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်ပသို့တစ်ဆင့်ခံ တင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသည် ပုဒ်မခွဲ (ခ) အရ ထောက်ခံချက်ရရှိထားသူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်။

## အခန်း (၆)
## အမဲလိုက်ခြင်း

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များ အမဲလိုက်သူကို စည်းကမ်းချက်များ သတ်မှတ်၍ အမဲလိုက်ခွင့် လိုင်စင်ထုတ်ပေးနိုင်သည်။

၂၅။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်။

(ခ) အမဲလိုက်ခွင့် လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၆။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရတည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၇။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် လိုအပ်လျှင် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၈။ ပုဒ်မ ၂၆ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့် ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လျှောက်ထားရမည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၀။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်။

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ ကွယ်လွန်လျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထား ရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၃၁။ (က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၆/၉၄) အာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ဖန်ကောက်၌ မြန်မာအလုပ်သမားများ ဆန္ဒပြမှုကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံရုံးက ဖြေရှင်းပေးခဲ့

**ဖန်ကောက် မေ ၂၃**
အလုပ်နားချိန်ကိစ္စနှင့်ပတ်သက်ပြီး ဖန်ကောက်မြို့နယ် စူစဝပ် ၇၂ လမ်းမှ ထိုင်းမာစတာပက်အမည်ရှိ ဆာလာအိတ်စက်ရုံ၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများက တောင်းဆို ဆန္ဒပြမှုတစ်ခု ယမန်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့ပြီး ဆန္ဒပြမှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံဆိုင်ရာမြန်မာ အလုပ်သမားသံရုံးက ကူညီဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက်က အဆိုပါစက်ရုံအလုပ်ရှင်က အလုပ်နားချိန်နှင့် ပတ်သက်သည့် စည်းကမ်းချက်အသစ် ထုတ်ပြန်ခဲ့ရာ အလုပ်သမားများဘက်မှ အဆိုပါစည်းကမ်းချက်အပေါ် လိုက်နာရန် အဆင်မပြေရာမှစ၍ တောင်းဆိုဆန္ဒပြမှုဖြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က တစ်နာရီအလုပ်နားရတယ်၊ အခုက အလုပ်နားရတဲ့ တစ်နာရီကို နာရီဝက်ခွဲပြီး နားခိုင်းတယ်၊ အဲဒီနားချိန်ကလွဲလို့ အခြားအချိန်ဆို အပေါ့အလေးသွားတာနဲ့ ရေထွက်သောက်တာကအစ ခွင့်မပြုဘူးဆိုတော့ ကျွန်တော်တို့အလုပ်သမားတွေ ရေရှည်ဘယ်လိုအလုပ်လုပ်နိုင်မှာလဲ၊ အခြားကိစ္စတွေလည်း ပါတာပေါ့"ဟု အဆိုပါစက်ရုံတွင် လုပ်သက်နှစ်နှစ်ရှိပြီးဖြစ်သည့် ကိုမျိုးအောင်က ပြောသည်။

ဆန္ဒပြ မြန်မာအလုပ်သမားများက အလုပ်သမားသံအရာရှိ ဦးစန်းမောင်ထံလည်း ဆက်သွယ်အကူအညီတောင်းခံခဲ့ပြီး အလုပ်သမားသံအရာရှိ၏ လမ်းညွှန်ချက်ဖြင့် မဟာချိုင်မြို့ အခြေစိုက် အလုပ်သမားကွန်ရက် (MWRN) ဥက္ကဋ္ဌ ဦးအောင်ကျော်၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအဖွဲ့ချုပ် (MOEAF) ဖန်ကောက်ရုံးမှ တာဝန်မှူး ဦးသောင်းထူးတို့က သွားရောက်ဖြေရှင်းပေးခဲ့ကြောင်း၊ အလုပ်သမားသံအရာရှိက စေလွှတ်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းအလုပ်အကိုင်ရှာဖွေရေးရုံး၊ အလုပ်သမားကာကွယ်ရေးဌာန၊ နယ်မြေခံရဲတပ်ဖွဲ့၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြရာ အလုပ်သမားများဘက်က တောင်းဆိုသည့် အလုပ်နားချိန်အပါအဝင် အချက်ခုနစ်ချက်ကို အလုပ်ရှင်ဘက်မှ လိုက်လျောပေးခဲ့ကြောင်း သိရသည်။

"ဒီနေ့ သွားရောက်ဖြေရှင်းရတာက အလုပ်ရှင်နဲ့ အလုပ်သမားကြား နားလည်မှုလွဲတာတွေကြောင့်ပါ၊ အလုပ်ရှင်ဘက်ကလည်း ဥပဒေကို မလိုက်နာတာတွေရှိသလို အချို့ကိစ္စတွေမှာလွဲ ချော်နေတာလေးတွေလည်း ရှိပါတယ်၊ ဒါပေမယ့် အလုပ်သမားတွေဘက်ကလည်း အချို့ကိစ္စတွေမှာ သက်သေပြမှု



အားနည်းတာတွေလည်း တွေ့ရပါတယ်၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ ကို အလုပ်ဖြုတ်တယ်ဆိုတာ သက်သေပြခိုင်းတော့ မပြနိုင်ဘူးပေါ့နော်၊ နောက်ပြီး အလုပ်သမားတွေ ပြောကြတဲ့ ခေတ္တခဏ အိမ်ပြန်တဲ့အခါ ပိုက်ဆံ ၁၀၀၀ ဖြတ်တာတွေကအစ အကုန်လုံးညှိနှိုင်းလို့ အဆင်ပြေသွားတယ်" ဟု သွားရောက်ညှိနှိုင်းပေးခဲ့သူ အလုပ်သမားကွန်ရက်ဥက္ကဋ္ဌ ဦးအောင်ကျော်က ပြောသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

---



# ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတွင် သုံးရန် ကျောင်းကုန်းမြို့သို့ ဖိုက်ဘာစက်လှေတစ်စင်း ပေးအပ်

**ကျောင်းကုန်း မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖိုက်ဘာစက်လှေတစ်စင်း ပေးအပ်ပွဲကို မေ ၂၂ ရက်က ကျောင်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အေးချမ်းသာယာခန်းမ၌ ကျင်းပခဲ့သည်။

စက်လှေပေးအပ်ပွဲသို့ မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဖိုက်ဘာစက်လှေတစ်စင်း၊ KENBO အင်ဂျင်တစ်လုံး၊ ဝင်ရိုး+ပန်ကာတစ်စုံနှင့် အသက်ကယ်အင်္ကျီ ၁၀ ထည်ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဝင်းစံနှင့်အဖွဲ့က ကျောင်းကုန်းမြို့နယ်မှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

---

# ဝေါလေမြိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး



**ဝေါလေမြိုင် မေ ၂၃**
ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ လော့ခေါ်ကျေးရွာနှင့် အူးဟူးထကျေးရွာတို့မှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြဝတီမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနနှင့် NRC တို့ ပူးပေါင်းပြီး မေ ၂၂ ရက်က ကျေးရွာသို့ကွင်းဆင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောသက်ထွန်းနှင့် ဝန်ထမ်းများနှင့် NRC မှ ဝန်ထမ်းများ ပူးပေါင်း၍ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာနေပြည်သူ အမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

---

# စပါးရောင်းဝယ်ရာတွင် တစ်တင်းကို ၄၆ ပေါင်စံနှုန်း တရားဝင်သတ်မှတ်ပေးရန် တောင်းဆို

**မော်လမြိုင် မေ ၂၃**
စပါးပေါ်ချိန် အရောင်းအဝယ်ပြုလုပ်ရာတွင် တောင်သူများအဆင်ပြေစေရေးအတွက် စပါးတစ်တင်း ၄၆ ပေါင်စံနှုန်းကို ပြည်နယ်အဆင့်တာဝန်ရှိသူများက တရားဝင်သတ်မှတ်ပေးနိုင်ပါရန် မော်လမြိုင်မြို့နယ် ကော့လှာကျေးရွာမှ တောင်သူတစ်ဦးက ပြည်နယ်အဆင့် တာဝန်ရှိသူများထံ တင်ပြခဲ့သည်။

မေ ၂၂ ရက်က ပြုလုပ်သည့် မွန်ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်လမြိုင်မြို့နယ်မှ တောင်သူများ တွေ့ဆုံပွဲတွင် ကော့လှာကျေးရွာမှ တောင်သူ ဦးငွေလှိုင်က တာဝန်ရှိသူများထံ တင်ပြခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် စပါးအဝယ်ဒိုင်




များက စပါးနှစ်တင်းအိတ် တစ်အိတ်လျှင် ပေါင် ၁၁၀ အထိထား၍ ဝယ်ယူမှုများကို ကြုံနေကြရသဖြင့် စပါးရောင်းချသည့် တောင်သူများအတွက် နစ်နာမှုများရှိနေပြီး စပါးတစ်တင်းကို ၄၆ ပေါင်စံနှုန်းအဖြစ် သတ်မှတ်ပေးမည်ဆိုပါက စပါးစိုက်တောင်သူများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း ဦးငွေလှိုင်က ဆိုသည်။

ပြည်နယ်အဆင့် တာဝန်ရှိသူတစ်ဦးက ဦးငွေလှိုင်၏ မေးခွန်းအပေါ် ပြန်လည်ဖြေကြားရာတွင် ပြီးခဲ့သည့်နှစ်များက ဘီးလင်းမြို့နယ်၌ စပါးအရောင်းအဝယ်လုပ်ရာတွင် စံနှုန်းသတ်မှတ်ချက်ကြောင့် အခက်အခဲဖြစ်သည်ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက တင်ပြခဲ့ကြသဖြင့် ဒီဂျစ်တယ်ကတ္တားနှင့် အရောင်းအဝယ်ပြုလုပ်ရန် ဒေသန္တရအမိန့်ထုတ်ခဲ့ရာ အတော်အသင့် အောင်မြင်ခဲ့ကြောင်း၊ သို့သော် ချောင်းဆုံမြို့နယ်တွင်မူ ဒေသန္တရအမိန့်ထုတ်ခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ယခင်စံနှုန်းအတိုင်း တစ်တင်းလျှင် ၅၂ပေါင်၊ ၅၄ပေါင် အစရှိသဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပြောကြားသည်။

"လာမယ့်စပါးရောင်းဝယ်ရာသီရောက်ရင်တော့ မွန်ပြည်နယ်တစ်ခုလုံးအတွက် တစ်တင်းကို ၄၆ ပေါင်နှုန်း သတ်မှတ်ပေးပါမယ်၊ ဒါပေမယ့် စပါးမှာ ခဲတွေပါနေတာမျိုး၊ စပါးစိုထိုင်းမှု ဖြစ်နေတာမျိုးမှာဆိုရင်တော့ စံနှုန်းထက်အနည်းငယ်ပိုပြီး အရောင်းအဝယ်လုပ်မှပဲ ဝယ်ယူသူတွေအတွက်လည်း အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် စပါးတစ်တင်းကို ၄၆ ပေါင်နှုန်း ပြည်နယ်အတွင်း ဒေသန္တရအမိန့်ထုတ်ပေးမှာဖြစ်ပေမယ့် ဝယ်သူများဘက်ကလည်း စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးဖြစ်ဖို့ လိုအပ်ပြီး စိတ်ကြိုက်မတွေ့တဲ့ စပါးအရည်အသွေးများအတွက် ဈေးနှုန်းအလျှော့အတင်းပြုလုပ်ပြီး ရောင်းဝယ်ကြစေလိုပါတယ်"ဟုလည်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ဖြေကြားသည်။

**မြတ်မွန်ထွေး**

---

# ညောင်ဦးမှ လယ်သမားများ ကြုံနေရသည့် ထွန်ယက်ခမြင့်မားသည့် အခက်အခဲ ဖြေရှင်းနိုင်ရန် ဆွေးနွေး

**ညောင်ဦး မေ ၂၃**
ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင် ရေသောက်ဧရိယာအတွင်းရှိ တောင်သူလယ်သမားများ ထွန်ယက်ခ ဈေးနှုန်းမြင့်မားစွာပေးနေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် တောင်သူများ၏ အခြားလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်နှင့် တာဝန်ရှိသူများက သူကောင်းတည်မြစ်ရေတင် ရေသောက်ဧရိယာအတွင်းရှိ တောင်သူများနှင့် မေ ၂၁ ရက်က တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဒေသခံ တောင်သူလယ်သမားများက စပါးစိုက်မည့်မြေနှင့် အခြားသီးနှံစိုက်ပျိုးသောယာမြေများကို မြေညှိပေးရန်၊ ထွန်စက်နှင့်ထွန်ယက်ချိန်တွင် တစ်နေ့တာလုပ်ငန်းခွင်ကို စောစောစီးစီး ထွန်ယက်ပေးရန်၊ တောင်သူသုံး လယ်ယာပစ္စည်းများကို လွယ်လင့်တကူ သုံးစွဲနိုင်အောင် ကြားလိုက်စက်၊ ပေါင်းသင်စက်၊ မြေပဲမျိုးစေ့ချစက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ကောက်ရိုးထုံးစက်များကို စက်မှုလယ်ယာတွင် ထားရှိပေးရန်၊ ရှေ့တန်းစက်မှုလယ်ယာထွန်စက်စခန်း ဖွင့်လှစ်ပေးရန်၊ ထွန်ယက်ခများကို သီးနှံပေါ်ချိန်ပေးသည့် အကြွေးစနစ်ဖြင့် ထွန်ယက်ပေးရန်စသည့် လိုလားချက်များကို တင်ပြကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများက ကုန်ထုတ်လမ်း အဆင့်မြှင့်တင်ပေးရန် တိုင်းတာထားသည့်အခြေအနေ၊ သူကောင်းတည်မြစ်ရေတင်မှ ရေတင်ကန်အဆင့်(၇) အထိ တစ်ပတ်လျှင် တစ်ကြိမ်ဖြင့် တစ်လလျှင် လေးကြိမ် ရေလွှတ်ပေးရန်တို့ကို တင်ပြခဲ့သည်။

တင်ပြချက်များနှင့် ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တစ်ချက်ချင်း ရှင်းလင်းဖြေကြားပေးခဲ့သည်။ မြေညှိပေးရန် တောင်းဆိုချက်အပေါ် ဌာနဆိုင်ရာဘက်မှ မြေတွန်းဂေါ်ကားပေးပြီး ကားစက်သုံးဆီ ကုန်ကျစရိတ်အတွက် တောင်သူဘက်မှ ကုန်ကျခံပေးရမည်ဖြစ်ကြောင်း၊ ထွန်စက်မောင်းလုပ်သားများကို နေ့စဉ် စောစောမောင်းနှင်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ စက်ကိရိယာများကို ထားရှိပေးမည်ဖြစ်ကြောင်း၊ ထွန်ယက်ခအတွက် သီးနှံပေါ်ပေးစနစ်ကို မလိုက်လျော



နိုင်သေးကြောင်း၊ ကုန်ထုတ်လမ်း အဆင့်မြှင့်တင်ပေးရန်အတွက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ကာ နှစ်အလိုက် အနည်းငယ်စီ ပိုင်းခြားလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ သူကောင်းတည်မြစ်ရေတင်မှ တစ်လလျှင် လေးကြိမ် ရေပေးရန် မြစ်ရေတင်မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အထွေထွေကဏ္ဍအဖြစ် တောင်သူများ မရှင်းလင်းသည့် အချက်များကို တင်ပြရာ ညောင်ဦးမြို့နယ်တွင် လယ်ယာစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ပုဂ္ဂလိကထွန်စက်များ ငှားရမ်းထွန်ယက်သည့်အခါ တစ်နာရီလျှင် ထွန်ယက်ခ ၂၂၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်အထိ ဈေးနှုန်းမြင့်မားစွာပေး၍ ထွန်ယက်နေကြရခြင်းကြောင့် တောင်သူများ၏ အခက်အခဲကိုလည်း တင်ပြခဲ့ကြသည်။ အထွေထွေကဏ္ဍ ဆွေးနွေးရာတွင် တောင်သူများ မရှင်းလင်းသည့်အချက်များကို အကျေအလည် ဆွေးနွေးခဲ့ပြီး ယခုလို ဆွေးနွေးမှုများအပေါ် တောင်သူလယ်သမားများကလည်း သဘောကျခဲ့ကြသည်။

**ကျော်ဌေး (ညောင်ဦး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကလေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ကလေးတက္ကသိုလ်၏ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြင်ပရေရရှိရေးလုပ်ငန်း စက်ရေတွင်း(၁)တွင်းတူးဖော်ခြင်း (8'Ø) (700.ft) Tube Well, Pump House (14'× 10'), 10HP Submersible Pump, 20KVA 3ØDynamo, 33HP Engine၊ လျှပ်စစ်မီးသွယ်တန်းခြင်းအပါအဝင်

(ခ) အဓိပတိလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၄၃၀၀'×၁၈')×၂ဖက် ၄.၅"နှင့် ပလက်ဖောင်းပြုပြင်ခြင်း (၄၀၀၀'×၄') ၂ဖက် ၉" အုတ်ရိုးအမြင့် ၆" (၂)ဖက်စီခြင်း၊ ၃"ထု(1:2:4)ကွန်ကရစ်လောင်းခြင်း

(ဂ) အဓိပတိလမ်းမှအားကစားရုံသို့ ကွန်ကရစ်လမ်းခင်းခြင်း (၅၅၀'×၁၈') ၆"ထု (၆'×၉') ကျောက်စီခင်းသဲကျပ်၍ ၆"ထု(1:2:4) ကွန်ကရစ်လောင်းခြင်း

(ဃ) နှစ်ခန်းတွဲ နှစ်ထပ် ပါမောက္ခနေအိမ် တစ်လုံးဆောက်လုပ်ခြင်း(၄၀'×၃၀') RC (ရေမီးအပါအဝင်)

(င) ဘွဲ့နှင်းသဘင်ခန်းမအတွင်းပိုင်း Air-Con မီးလိုင်းသွယ်တန်းခြင်း(270 m)44, 35mm² 2-25mm², 270m အတွင်းမီးလိုင်း 1C-6mm² 1C 4mm² 1C 16mm² (57Coin) အတွင်းမီးလိုင်း MCCB, MCB (၁၄)လုံး တပ်ဆင်ခြင်း၊ Air-Con တပ်ဆင်ခြင်း(ကြေးပိုက်) ၃၀၀၀'၊ ရေပိုက် ၃၀၀၀'တပ်ဆင်ခြင်း၊ ဘွဲ့နှင်းသဘင်ခန်းမ 300 KVA 120 mm² (150m) မီးစက်တပ်ဆင်ခြင်း၊ အပြင်မီးလိုင်း Chain Over 400 A သွယ်တန်းခြင်း၊ Air-Con (Celing Type) (14 Nos), Air-Con (Floor Type) (14 Nos), Air-Con (Split Type) (4Nos) တပ်ဆင်ခြင်းအပါအဝင်

(စ) (၁၆၀)ဦးဆံ့ ကျောင်းသူဆောင်သံပန်းတပ်ခြံစည်းရိုးကာရံခြင်း(၁၀၀၀'×၆')

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၈ရက် (ရုံးချိန်အတွင်း)
**တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၅-၆-၂၀၁၈ ရက် (ညနေ ၄း၃၀နာရီ)
**တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန၊ ကလေးတက္ကသိုလ်

၃။ အသေးစိတ်အချက်အလက်သိရှိလိုပါက ကလေးတက္ကသိုလ်ရှိအောက်ဖော်ပြပါ ဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၄၈၂၈၁၈၅၅၈၁၊ ၀၉-၂၅၇၃၄၉၁၇၁**

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကလေးတက္ကသိုလ်**

## အဂ္ဂမဟာပဏ္ဍိတ
## ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ

၁၃၇၉ခုနှစ်၊ နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမအဂ္ဂမဟာပဏ္ဍိတ (ပြည်နယ်သံဃနာယကဥက္ကဋ္ဌ)အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲတော်ကို ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမတို့မှ (၁၃၈၀ပြည့်နှစ်၊ ရခိုင် ကဆုန်လဆန်း ၁၃ရက်၊ မြန်မာ နယုန်လဆန်း ၁၃ရက်)၂၇-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ ဓမ္မသုခကျောင်းတိုက်၌ ကျင်းပ ပြုလုပ်ပူဇော်သွားမည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေး ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်**။ ပင့်ဖိတ်စာများမရရှိပါကလည်း လာရောက်ကြပါရန် ပင့်ဖိတ်ကြားအပ်ပါသည်။

**ဖိတ်ကြားသူ**
**ဆရာတော်၏တပည့်**
**ဒါယကာ၊ ဒါယိကာမများ**
**ဓမ္မသုခကျောင်းတိုက်**
**စစ်တွေမြို့**

### ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ မယ်ဘော့ကုန်း၊ အထက(ခွဲ) အငြိမ်းစားမတန်းအောင်မှ မောင်ကျော်ကျော်လင်းနှင့်အောက်ကျောင်းရွာ(အမက) တတိယတန်းအောင်မှ မနန်းရတနာလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဟန် ၈/မဘန(နိုင်)၀၆၈၈၁၁ ဖြစ်ပါကြောင်း။ **ဦးဟန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးကုတ်မြို့နေ ဦးမေဂနတ် (၉/မကန(နိုင်)၀၆၅၈၃၂) ၏သမီးဖြစ်သူ မကြည်သာ (၉/မကန(နိုင်)၁၅၃၄၂၈) နှင့် မသူဇာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မကြည်သာ(ခ)မသူဇာ

### အမည်မှန်

နောင်ချိုမြို့ အထက်တန်းကျောင်း ၁သမတန်းမှ ဦးကျော်ဇော (၂/ဖဆန(နိုင်)၀၀၄၄၁၆) ၏သမီး မစမ်းနီလာစိန်၏ အမည်မှန်မှာ မစုလှဲ့ကျော်ဇောဖြစ်ပါကြောင်း။ မစုလှဲ့ကျော်ဇော

### အမည်ပြောင်း

မြောက်ဒဂုံမြို့နယ် အ.ထ.က (၃) ဆဋ္ဌမတန်းမှ ဦးဇော်မင်းနိုင် (၇/နတလ(နိုင်)၀၃၈၅၂၈) ၏သမီးဖြစ်သူ မသဒ္ဒါထက်အား မဆုလှဲ့နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မဆုလှဲ့နိုင်

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၈D)၊ မြေကွက်အမှတ်-၃၁၊ မြေကွက်တည်နေရာ အမှတ်(၃၁)၊ သရက်တောလမ်း၊ လင်းလွန်း မြောက်ရပ်ကွက်၊ စမ်းချောင်း ဒေါ်ခင်သီတာရည်(အင်န်တီဂျီ-၀၆၁၁၂၂) အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ထံမှ General Power No. ၂၉၁၆/၂၀၁၈ (၁၅-၃-၂၀၁၈)ရသူ ဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉ မှ ၁၉၉၄ခုနှစ်တွင် ကူးယူခဲ့သည့် ဘဏ်ချေးမြေပုံပျောက်ဆုံးကြောင်း ၂၄-၄-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ၂၃-၃-၂၀၁၈ ရက်စွဲပါ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အဆောက်အအုံဆောက်ရန်နှင့် မြေတိုင်းမြေပုံ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၉၄၄၁ Xin Li Fu 150 သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုးအောင် ၁၄/ကခန(နိုင်)၀၈၄၁၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3359 KIA BONGO III COACH MINI BUS(4x2)L ယာဉ်လက်ဝယ်ရှိသူ ACC ELERATE YACHT COMPANY LIMITED က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ရေကန်လမ်း၊ ၄၈ ထောင့်၊ အိမ်အမှတ်(N/၂/ခ)တွင်နေထိုင်သူ ဒေါ်ကျင်ထွန်း ၁၃/လရန(နိုင်)၀၆၆၉၂၇ နှင့် လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၂၁)တွင် နေထိုင်သူ ဦးရန်ကြာမြင့်(ခ)ကျော်မြင့် ၁၃/ကခန(နိုင်)၀၅၅၂၇၇ တို့သည် ၁၇-၅-၂၀၁၀ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ဦးရန်ကြာမြင့်(ခ)ကျော်မြင့်နှင့် ကျွန်မမှာ ပတ်သက်ခြင်းမရှိတော့ပါ။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို ကျွန်မက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ကျင်ထွန်း**



## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်း (Consumables) များနှင့် ဓာတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၅-၂၀၁၈ရက် (အင်္ဂါနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၄၄၉၃၊ ၀၁-၃၈၄၄၉၄**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းစီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော Dam Instrumentation များနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးသုံးပစ္စည်းများအား D.D.P (Upper Keng Tawng/Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Tender No.06/DHPI/Dam Instrumentation/2018-2019
(ခ) Tender No.07/DHPI/Mining Spare/2018-2019

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၇-၆-၂၀၁၈ရက်၊ ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီမှ စက်တင်ဘာ)အထိ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | ပဲခူးတက္ကသိုလ် | ၁ | မုခ်ဦးတည်ဆောက်ခြင်းဆိုင်းဘုတ်(၂၆'×၉' ၆")၂ခု ၁၈'အကျယ်လမ်း(၂)ခုအတွက် ဂိတ်တံခါး(၂)ခု၊ ဂိတ်အဆောက်အအုံ (၁၅'×၁၂') RC (၂)လုံးနှင့် အဝင်လမ်း (၅၆'×၄၅'×၈")ထုခင်းခြင်း၊ မုခ်ဦးမှ(၁၅%) အဓိပတိလမ်းတစ်လျှောက် GI မီးတိုင် (၁၈)တိုင်နှင့် လျှပ်စစ်မီးတပ်ဆင်ခြင်း အပါအဝင်(၁၅%) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၂၂-၅-၂၀၁၈ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၈ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပဲခူးတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကိုသတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားအားလုံး အတွက် တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၅၂-၂၂၃၀၂၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## YBS အထူးယာဉ်မောင်းသင်တန်းအမှတ်စဉ်(၉)
# သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တွင်း YBS ယာဉ်သစ်ကြီးများ မောင်းနှင်ရန်အတွက် ယာဉ်မောင်းများ အလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ အဆိုပါသင်တန်းကို အောက်ဖော်ပြပါ အချက်အလက်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) "ခ" လိုင်စင် အနည်းဆုံး(၃)နှစ် သက်တမ်းရှိရမည်။ "င" လိုင်စင်ရှိသူများလည်း လျှောက်ထားနိုင်သည်။
(ခ) အသက်(၂၅)နှစ်မှ (၅၅)နှစ်အတွင်းရှိရမည်။
(ဂ) ယာဉ်ကြီးမောင်းနှင်သည့်အတွေ့အကြုံရှိသူ ဖြစ်ရမည်။
(ဃ) လက်ရှိ YBS ယာဉ်လိုင်းများတွင် မောင်းနှင်သူများဖြစ်ပါက သက်ဆိုင်ရာ ယာဉ်လိုင်းကုမ္ပဏီ၏ ထောက်ခံချက်ပါရှိရမည်။
(င) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ ဖြစ်ရမည်။

၂။ **သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

(က) သင်တန်းအမှတ်စဉ်(၉)ကို ၂၀၁၈ခုနှစ် ဇွန်လ တတိယပတ်အတွင်း ဖွင့်လှစ်မည်။
(ခ) သင်တန်းပြီးဆုံးအောင်မြင်ပါက မူလလျှောက်ထားသည့် ယာဉ်လိုင်းကုမ္ပဏီများတွင် ဆက်လက်မောင်းနှင်ခွင့်ပြုမည်။
(ဂ) ပြင်ပယာဉ်မောင်းများဖြစ်ပါက YBS ယာဉ်လိုင်းများတွင် မောင်းနှင်ခွင့်ပြုမည်။
(ဃ) သင်တန်းကာလကို ရက်သတ္တပတ်(၃)ပတ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်လျှင် YBS မောင်းနှင်ခွင့် (င)လိုင်စင်ကတ် ရရှိမည်ဖြစ်ပါသည်။
(င) လျှောက်လွှာယူခြင်းနှင့် တင်ရမည့်နေရာ - YRTA(ရုံးချုပ်) (ကျိုက္ကဆံစူပါဝမ်းကုန်တိုက်အနီး) အမှတ်(၆၅)၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

၃။ သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက် လျှောက်ထားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလ)အထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူနည်းပညာတက္ကသိုလ်ရှိ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | နည်းပညာ တက္ကသိုလ်၊ တောင်ငူ | ၁ | (၄)ခန်းတွဲ(၄)ထပ် ဆရာ၊ ဆရာမဆောင် (၁၀၀'×၃၀')၊ပြင်ပရေ(၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက် ရေလှောင်ကန် 5.5 Hp Summersible pump နှင့် အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို ၂၂-၅-၂၀၁၈ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၈ရက်၊ ၁၆:၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ် တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် တောင်ငူနည်းပညာတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့် အတူပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၅၄-၂၇၂၈၃၊ ၀၅၄-၂၇၂၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလ)အထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူကွန်ပျူတာတက္ကသိုလ်ရှိ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်း တည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | ကွန်ပျူတာ တက္ကသိုလ် (တောင်ငူ) | ၁ | 500KVA Transformer တည်ဆောက်ခြင်းလုပ်ငန်း |
| | | ၂ | (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ(၁၀၀'×၂၅') ပြင်ပရေ (၄လက်မ အဝီစိတွင်း၊ဂါလန် ၁၂၀၀၀ဆံ့ မြေအောက် ရေလှောင်ကန် 5.5Hp Summersible pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း။ |
| | | ၃ | ကျောင်းသား/သူ ၁၀၀ဦးဆံ့ အိပ်ဆောင်(၂၀၀'×၃၅') (၂)ထပ် RC (ရေမီးအပါအဝင်) (၁၄၀၀၀ စ/ပ) ထမင်းစားဆောင် ပေ(၆၀×၄၀)၊ (၁)ထပ်(၂)လုံး အဆောင်အဝင်လမ်း(၂၀၀'×၁၂'×၈")၊ ပြင်ပရေ (၄လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5Hp Summersible pump နှင့်အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်(၂)လုံးတည်ဆောက်ခြင်းလုပ်ငန်း။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို ၂၂-၅-၂၀၁၈ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၈ရက်၊ ၁၆:၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် တောင်ငူကွန်ပျူတာတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၉-၅၀၂၆၀၀၈၊ ၀၉-၃၃၆၀၆၀၇၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလ)အထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူတက္ကသိုလ်ရှိ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်း တည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | တောင်ငူ တက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၂၁၆'×၃၈'×၃၆') RC စာသင်ခန်း(၁၂)ခန်းပါ အဆောက်အအုံ (၁)လုံး ဆောက်လုပ်ခြင်း။ (၁၅ %) |
| | | ၂ | ပြင်ပရေရရှိရေးလုပ်ငန်း (၆" အဝီစိတွင်း ၅၀၀' (၂)တွင်း၊ ပေ(၆၀)အမြင့်သံရေစင်(၂)စင် (ဂါလန် ၆၀၀၀)နှင့် (၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်(၂)လုံး၊ ၃"Ø PVပိုက်(၅၀၀')များ၊ ရေစက်ရုံ (၈'×၆')၊ လျှပ်စစ်မီးသွယ်တန်းခြင်းအပါအဝင်။ |
| | | ၃ | ပြင်ပလျှပ်စစ်ရရှိရေးလုပ်ငန်း (500 KVA Transformer (၁)လုံး၊ ၁၁ကေဗွီလိုင်း (၂၂၀၀') 150 KVA Capacitor Bank (1no). 11KV, VCB Pane (1)no, 800 Amp 4 pole MCCB(1)no, 10m RCC post (18)nos. |
| | | ၄ | (၄)ခန်းတွဲ (၄)ထပ် ဆရာ၊ ဆရာမနေအိမ် (၁၀၀×၃၀)ပေ (၁)လုံးဆောက်လုပ်ခြင်း။ (ပြင်ပရေမီးအပါအဝင်) (၁၅ %) |
| | | ၅ | လမ်းဖောက်လုပ်ခြင်းနှင့် 3' Ø ကွန်ကရစ်ရေမြောင်း ပြုလုပ်ခြင်း (၃၀၀၀') (၁၅% ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၂၂-၅-၂၀၁၈ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၈ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် တောင်ငူတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၉-၈၆၄၄၅၆၄၄၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလ)အထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူပညာရေးကောလိပ်ရှိ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | တောင်ငူပညာရေး ကောလိပ် | ၁ | (၁၀၀'×၃၀'×၄၂')(၄)ခန်းတွဲ(၄)ထပ် ဆရာ/ဆရာမအိမ်ရာ(RC) (၁)လုံးဆောက်လုပ်ခြင်း။ (ရေ/မီး ၄"Ø၊ အဝီစိတွင်း 3.5 Hp Submersible Pump၊ ဂါလန်(၁၂၀၀၀)ဆံ့ မြေအောက် ရေလှောင်ကန်နှင့် ၄၀'အမြင့် သံရေစင်(ဂါလန် ၈၀၀ ဆံ့ဖိုင်ဘာတိုင်ကီ ၄လုံး) အပါအဝင် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို ၂၂-၅-၂၀၁၈ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၈ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် တောင်ငူပညာရေးကောလိပ်တွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၉-၇၉၉၂၆၃၅၂၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလ)အထိ ပဲခူးတိုင်းဒေသကြီး၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပဲခူး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | အစိုးရနည်း ပညာအထက်တန်း ကျောင်း(ပဲခူး) | ၁ | စာသင်ဆောင် RC (၃)ထပ် (၁၉၂×၃၈)ပေ (၂၁၈၈၈ စ/ပ) ၁ လုံး |
| | | ၂ | အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀×၇၅) ပေ (၁၁၂၅၀ စ/ပ) ၁ လုံး |
| | | ၃ | ရေရရှိရေးလုပ်ငန်း (ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ ရေစင်အမြင့် ပေ ၂၀၊ ၄လက်မ အဝီစိတွင်း ပေ ၃၀၀ Pump (3Hp)၊ ပြင်ပ ၂လက်မ ပိုက်သွယ်တန်းခြင်း အရှည်ပေ ၁၅၀၀) |
